မြန်မာ့အလင်း

၁၂၈၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၉၅)၊ အမှတ် (၂၆၆)

မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမားသတိပေးတရား

အပ္ပမာဒေန၊ သမ္ပာဒေထ – မမေ့မလျော့၊ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။

"သတ္တဝါအများ အိုချစ်သားတို့၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှ ခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သော သဘောရှိကုန်၏။ မြဲမြံသော သတိဖြင့် သီလ၊ သမာဓိ၊ ပညာတရား တို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့" (သာသနာရေး)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် တစ်နေ့တန် ၂၀၀ ထုတ်လုပ်နိုင်မည့် စားအုန်းဆီသန့်စက်ရုံဖွင့် ထုတ်လုပ်သူရော စားသုံးသူပါအကျိုးရှိအောင် အလေးထားဆောင်ရွက်

ကုန်ကြမ်းပစ္စည်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ထုတ်လုပ်ပြီး စားအုန်းဆီများနှင့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက် ရွှေခင်းသာမြို့ပတ်လမ်း၌ကျင်းပသော ယုဇနကုမ္ပဏီ၏ ယုဇနစားအုန်းဆီသန့်စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊

စာမျက်နှာ ၈ ကော်လံ ၁ ✡

စားအုန်းဆီများ ထုပ်ပိုးစက်သို့ မပို့မီ သိုလှောင်ထားရသည့် သိုလှောင်ကန်များကို တွေ့ရစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



မြန်မာ့အလင်း ဆောင်းပါး အညွှန်း

❐ တကယ်တော့ 'သမိုင်းတင်ပြီးသား ဖြစ်ရပ်များကို ဘယ်လို အကြောင်း မျိုးနဲ့မျှ ဖျောက်ဖျက်ပစ်လို့မရစကောင်း' ဆိုတာ NLD အမျိုးသမီးလုပ်ငန်းအဖွဲ့မှ အဲဒီစာလွှာရေးသားသူများ ပိုသိမှာသာ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို 'လူ့ပုဂ္ဂိုလ်ဆိုင်းဘုတ်တင်ရေးဝါဒီများ' အဖြစ် ရပ်တည်နေသမျှကတော့ ဘာကိုမှ အကောင်းမြင်သမား၊ အကောင်းမြင်ပါတီ ဖြစ်လာမှာမဟုတ်တာ သေချာပါတယ်။ မောင်ဒွဲ့ဒိုး၏ မဟတ္တမဂန္ဒီနဲ့ တူသတဲ့လား ဆောင်းပါး (စာ–၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပိုမိုပူးပေါင်းဆောင်ရွက်

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်လာခဲ့သည့် နယ်ချဲ့စနစ်ဆိုးနှင့်အတူ တစ်ပါတည်း ပါလာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် အစိုးရအဆက်ဆက်တို့သည် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ တိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးချမှတ်အကောင်အထည်ဖော်ခဲ့သည်။

နိုင်ငံတော်က နယ်စပ်ဒေသများနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည့်အလျောက် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးရည်မှန်းချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်လျက်ရှိသည်။

နိုင်ငံတော်က တောင်သူများအား ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် စီးပွားရေး လုပ်ကိုင်နိုင်ရန် အားပေးကူညီလျက်ရှိသည်။ ဆန်နှင့် ဆား ရိက္ခာအပါအဝင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။ တောင်သူများကိုယ်တိုင် ဘိန်းစိုက်ပျိုးမှုကို လိုလိုလားလားစွန့်လွှတ်လာကြပြီး ဘိန်းမျိုးစေ့များ၊ ဘိန်းသီးခြောက်များကို ဒေသအာဏာပိုင်များထံ လာရောက်အပ်နှံခဲ့ကြသည်။ ယင်းဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို ၁၃ကြိမ်တိုင် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

တစ်ဖက်မှလည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ကိုင်လျက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ၏ပူးပေါင်းကူညီမှုဖြင့် ၁၉၈၈ခုနှစ်မှ ၂၀၀၆ခုနှစ် မတ်လအထိ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအမှုပေါင်း ၇၇၆၄၀ရှိပြီး ယင်းမူးယစ်ဆေးဝါးများ၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၄၃၂သန်းဖြစ်ကြောင်း သိရသည်။

ဇွန်လ ၂၆ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ရာ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို လူအများသိရှိစေရန် အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်ခြင်းတို့ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၏ ဆိုးကျိုးများကို တိုင်းရင်းသားပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန် မီဒီယာများက ယခုထက်ပိုမို အသိပညာပေးရန် လိုအပ်သကဲ့သို့ တိုင်းရင်းသားပြည်သူများကလည်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်နိုင်ငံမှ ချစ်ကြည်ရေး လက်ဆောင်ပေးသော လူစီးတွဲများ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး ရထားခရီးစဉ်များ ပြေးဆွဲမည်

ရန်ကုန် ဇွန် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ရန်ကုန်ဆိပ်ကမ်း ဆူးလေ အမှတ်(၅) ဖောတံတား၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးလက်ဆောင်ပေးအပ်သော လူစီးတွဲများ သယ်ဆောင်ဆိုက်ကပ်လာသည့် M.V Anxin Jaing သင်္ဘောပေါ်မှ လူစီးတွဲများ ချယူလျက်ရှိသည်ကို ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ဒုတိယဝန်ကြီး သူရဦးသောင်းလွင်အား မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးလှရီနှင့် တာဝန်ရှိသူများက သင်္ဘောပေါ်မှ ရထားတွဲများ ချယူဆောင်ရွက်မှုအခြေအနေ၊ ချယူပြီးသည့် ရထားတွဲများကို ဆိပ်ကမ်းမှ သယ်ယူမည့် အစီအစဉ်နှင့် မွမ်းမံရန် အစီအမံများအား အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ပထမအသုတ်ရောက်ရှိ

ယခုရောက်ရှိလာသော ရထားတွဲ ၄၀မှာ ၂၀၀၆ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည့် လူစီးတွဲ ၁၃၀အနက်မှ ပထမအသုတ်ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ အဆိုပါ လူစီးတွဲ ၁၃၀တွင် အထက်တန်းအိပ်စင် သုံးတွဲ၊ ရိုးရိုးတန်းတွဲ ၉၅တွဲ၊ ရိုးရိုးတန်းအိပ်စင် ၂၃တွဲ၊ စားသောက်တွဲ လေးတွဲ၊ စာတိုက်တွဲ သုံးတွဲ၊ ဌာနသုံးတွဲ နှစ်တွဲတို့ ပါဝင်ကြောင်းနှင့် ယခု ရောက်ရှိလာသောတွဲ၄၀တွင် ရိုးရိုးတန်း လူစီးတွဲ ၃၈တွဲ၊ စာတိုက်တွဲ နှစ်တွဲတို့ ပါဝင်ကြောင်းနှင့် အဆိုပါ တွဲများကို မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲ စက်ရုံသို့ ပေးပို့၍ လိုအပ်သော မွမ်းမံမှုများ ဆောင်ရွက်ကာ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး၊ ရန်ကုန်-မန္တလေးအပါအဝင် ရထားခရီးစဉ်များ၌ အသုံးပြုသွားရန် ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



မြဝတီရုပ်မြင်သံကြား

၂၆-၆-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	မိုးလေဝသသတင်း
၆း၂၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၄၀)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	ကျန်းမာသုတ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Italy Vs Australia (Live)

၂၇-၆-၂၀၀၆ (နံနက်ပိုင်း)

၀၁း၃၀	၁။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Switzerland Vs Ukraine (Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သိမှတ်စရာဆေးပညာ အပိုင်း(၂)
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	ဇာတ်ညွှန်းဆိုင်ရာဟောပြောပွဲ
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	ကလေးတို့အတွက် လက်ဆောင်
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	မြန်မာစာ၊ မြန်မာစကား(၉)
၉း၀၀	Music Talk (ဒေါက်တာဇော်သန်း၊ပန်းအိဖြူ)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	တန်ဖိုး (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း)
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	သူတို့ပြောတဲ့သူတို့အကြောင်း [ကာတွန်းပညာရှင်များနှင့် တွေ့ဆုံခြင်း (ကာတွန်းငွေကြည်)]
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	နိုင်ငံတကာစံချိန်မီ လက်ကိုင်အိတ်နှင့် ဖိနပ်လေးများ
၁၀း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဆရာချစ်စံဝင်း)
၁၁း၂၅	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံ အဆင့်ဆင့်
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

တောင်ဥက္ကလာပမြို့နယ် (၁၄/၁)ရပ်ကွက် သံသုမာလမ်း အမှတ်-၁၅၉နေ ဒေါ်ခင်လှ၏ (၅၁)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးလက်ခံယူစဉ်။ (က-ပ)

သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် အမှတ်(၄)ဝိုင်း ခမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍိဝံသ (မိဂလုံ) ဆရာတော်မှ ခန္ဓာကိုယ်တွေ့သမထဝိပဿနာတရားတော်များကို ဇူလိုင် ၃ရက်မှ ၉ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်သူများအား အခမဲ့ အာဟာရဒါန ကျွေးမွေးမည်ဖြစ်ရာ လှူဒါန်းလိုသူများ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ လှူဒါန်းနိုင်ပြီး တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်း၍ ဇူလိုင် ၂ရက် ညနေအရောက် ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မဟာတ္တမဂန္ဒီနဲ့ တူသတဲ့လား

မောင်ခွဲဒိုး

အမုန်တော့လဲ ဒီအကြောင်းအရာကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောစရာမလိုတဲ့ကိစ္စလို့ သဘောပိုက်ပြီး ဒီအတိုင်းနေလိုက်ရင်လဲ ရသားပဲဗျာ။ ဒါပေမယ့် ထောက်ပြဝေဖန်မှု မရှိလေ၊ ပိုအတင့်ရဲပြီး အမှားတွေပြောနေလေဖြစ်နေတော့ 'ငါတို့ပြောမှအဟုတ်' လို့ထင်နေသူများကို နည်းနည်းလေး အသိတရားရသွားအောင်၊ ဆင်ခြင်တရားလေးဝင်သွားအောင် ' ပြောစရာလိုတဲ့ကိစ္စ' လို့ယူဆပြီး အခုလိုပြောလိုက်ရပါတယ်ခင်ဗျာ။

မောင်ခွဲဒိုးတို့ မြန်မာပြည်ကြီးကို အုပ်ချုပ်ပြီး လူထုကောင်းစားရေး ထူထောင်ပေးချင်တဲ့ ရည်ရွယ်ချက်ရှိတယ်ဆိုတဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့က ခါတော်မီထုတ်လိုက်တဲ့ စာလွှာကိုဖတ်မိရင်းက အတော်အံ့သြစရာကောင်းတဲ့အချက်တွေကိုတွေ့ခဲ့ရပါတယ်။

"မြန်မာနိုင်ငံ အမျိုးသမီးများနေ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပင်ဖြစ်လေသည်"လို့ အဲဒီစာပါ တစ်ဖတ်သတ် သတ်မှတ်ရေးသားချက်ဟာ အတော်ပုဂ္ဂိုလ်ရေး အစွန်းရောက်နေတဲ့ ရေးသားချက်အဖြစ် ဖတ်မိရတဲ့အခါ အတော်အံ့အားသင့်ခဲ့ရပါတယ်။

သူတို့ဆိုလိုချက်အရ "မြန်မာနိုင်ငံအမျိုးသမီးများနေ့"ကို သူတို့သတ်မှတ်တဲ့ နေ့ရက်အတိုင်းသာ ပြုလုပ်ရမယ်ဆိုလျှင်ဖြင့် မြန်မာအမျိုးသမီးထု အကုန်လုံးကို NLD ရဲ့ကိုယ်စားပြုရမယ့် မိန်းမသားတွေလို့များ ယူဆထားနေကြသလားပဲ။ တည့်တည့်ပြောရရင် အဲဒီစာသားကို ဖတ်မိတာနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီဝင်တွေဟာ 'တစ်ပါတီစနစ်'၊ 'တစ်ဦးကောင်းခေါင်းဆောင်ဝါဒ'ကို သွယ်ဝိုက်စွာ ထူထောင်ချင်နေတဲ့ သဘောတရားအဖြစ် တွေ့ရှိလာရခြင်းပဲဖြစ်ပါတယ်။

ဒီလို အစွန်းထွက်တဲ့ အတွေးမျိုးရှိနေသူတွေ အဲဒီနိုင်ငံရေးပါတီအတွင်းမှာ ရှိနေခြင်းဟာ မြန်မာပြည်သူတွေအတွက် သိက္ခာကျရပါတယ်။

ဘယ်လိုသိက္ခာကျလို့လဲလို့ မေးချင်ရင် မေးနိုင်ပါတယ်။ ဖြေဖို့လဲ အသင့်ရှိပါတယ်။

ကိုယ်လိုချင်ရာကိုသာမြင်ပြီး၊ ကိုယ်ပြောချင်ရာကိုသာသိပြီး၊ ကိုယ်ဖြစ်ချင်ရာကိုသာ ရှေ့နောက်ဉာဏ်နဲ့ချိန်ပြီး မစဉ်းစားဘဲ လုပ်ဆောင်တတ်တဲ့ အစွန်းရောက်တဲ့သူတွေနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီပါလားလို့ ပြည်တွင်းရေးကို ဝင်ခြေရှုပ်ပြီး အမြတ်ထုတ်ချင်နေတဲ့ ပြည်ပက ငနဲတွေက ပိုပိုပြီးရိပ်မိသိရှိလာလေ (အဲဒီအစွန်းရောက်သူတွေကို) ပိုပိုပြီး ဘုံမြှောက်ပေးလေလေဖြစ်လာမှာပဲ။ ဒါ့အပြင် မြန်မာပြည်သူတွေကို အုပ်ချုပ်ချင်သူ အဲဒီပါတီဝင်တွေရဲ့ ဉာဏ်ရည်နည်းမှုကို ပြည်ပက အမြတ်ထုတ်ချင်တဲ့ ပုဂ္ဂိုလ်တွေ သိလာတာနဲ့အမျှ မြန်မာပြည်သူတွေဟာ ကိုယ့်ထမင်းကိုယ်စားရင်း ပြည်ပသူစိမ်းရဲ့ အနိမ့်ခံရမယ့်ကိန်းကို အလိုလိုဆိုက်သွားနိုင်ပါတယ်ခင်ဗျာ။

ဒါဟာတိုင်းပြည်အတွက်သိက္ခာကျစရာ အဓိကအချက် ဖြစ်လာပါတယ်။

ပြီးတော့ အဲဒီစာလွှာထဲမှာ ပါတီခေါင်းဆောင်အမျိုးသမီးရဲ့ မွေးနေ့ဖြစ်တဲ့ ဇွန် ၁၉ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဆိုပြီး အခမ်းအနား သတ်မှတ်ကျင်းပတာ ယခုနှစ်ဆိုလျှင် (၇)ကြိမ်မြောက်ရှိပါပြီတဲ့။ ရေးထားတာ။

ဟုတ်ပါပြီ။ တစ်ဖက်ကို ပြန်ကြည့်ရင် **မြန်မာနိုင်ငံတော်အစိုးရဟာ မြန်မာအမျိုးသမီးတွေရဲ့ အခွင့်အရေးတွေ ဘက်စုံကဏ္ဍစုံမှာ တိုးတက်ဖြစ်ထွန်းဖို့ "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" ကို ၁၉၉၆ ဇူလိုင် ၃ရက်နေ့မှစပြီး (NGO အဖြစ်) ဖွဲ့စည်းပေးခဲ့တယ်။ အခုဆိုရင် (၁၀)နှစ်တောင်ပြည့်ခဲ့ပါပြီ။**

အဲဒီလို စတင်ဖွဲ့စည်းပေးခဲ့တဲ့နေ့ဖြစ်တဲ့ ဇူလိုင် ၃ရက်နေ့ကို 'မြန်မာအမျိုးသမီးများနေ့'အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့တာ ၁၉၉၈ခုနှစ်ကပါ။ အခုဆို (၈)နှစ်ရှိပါပြီ။

အဲဒီလို သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့အခါမှာ ဘယ်ပုဂ္ဂိုလ်ရဲ့မွေးနေ့၊ ဘယ်အမှတ်တရနေ့တွေကိုမှ ရွေးချယ်ပြီး မသတ်မှတ်ခဲ့ပါ။ မြန်မာအမျိုးသမီးထုအားလုံးကို ကိုယ်စားပြုမယ့် 'မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ'ကို စတင်ဖွဲ့ခဲ့တဲ့နေ့ကိုသာ မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်လိုက်ခြင်းဟာ အသင့်တော်ဆုံးနဲ့အဖြစ်သင့်ဆုံးသာ ဖြစ်ပါတယ်။

နောက်ပြီး အဲဒီစာလွှာထဲမှာ 'အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီကဲ့သို့ အကြမ်းဖက်ခြင်းကို စက်ဆုပ်ရွံရှာမုန်းတီးသော အဟိံသဝါဒီမေတ္တာရှင်ကဲ့သို့ NLD ၏ အမျိုးသမီးခေါင်းဆောင်ကြီးသည်လဲ မဟာတ္တမဂန္ဒီနှင့် အနီးကပ်ဆုံးတူနေပါသည်ဟု ကွယ်လွန်သူပါမောက္ခချုပ်တစ်ဦးက တုံ့ပြန်ပြောဆိုခဲ့ကြောင်း ဆိုတာကိုလဲ ဖတ်ရပြန်ပါတယ်။

"ဟုတ်ပါ့မလား၊ NLD ဗဟိုလုပ်ငန်း အမျိုးသမီးအဖွဲ့"ရဲ့လို့သာ ညည်းလိုက်ချင်ပါတော့တယ်။

ကွယ်လွန်သူ ပါမောက္ခချုပ်ဆိုတဲ့နေရာမှာ အဲဒီစာလွှာမှာ လူပုဂ္ဂိုလ်နာမည်ရေးသားဖော်ပြထားပါတယ်။ ဒါကိုပြန်မဖော်ပြလို့ သမိုင်းဖြစ်ရပ်တွေကို ဖျောက်ဖျက်တယ်ဆိုပြီးလဲ မစွပ်စွဲလိုက်ပါနဲ့ဦး။ အဲဒီ ပုဂ္ဂိုလ်ကြီးရဲ့ ဂုဏ်သိက္ခာကို ငဲ့လိုက်ခြင်းပါ။ ဂုဏ်သိက္ခာဆိုတာ ငဲ့ရကောင်းမှန်းဆိုတာရော NLD ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့အနေနဲ့ သိပါရဲ့လားခင်ဗျာ။

ပြောရရင် အတော်ရှည်လျားထွေပြားသွားမှာမို့ လိုရင်းကို ပြောပါရစေ။

ဂန္ဒီကြီးနဲ့ 'NLD ပါတီခေါင်းဆောင် အမျိုးသမီး'နဲ့ ဘယ်လိုမေတ္တာရှင်ပုံစံနဲ့ ဘယ်နေရာမှာ တူနေပါလိမ့်ဗျာ။

ထိုဂန္ဒီကြီးက သူ့တိုင်းပြည်ရဲ့ မျိုးနွယ်ကွဲ၊ အတွေးအခေါ်ကွဲတဲ့ ခေါင်းဆောင်တွေကို ဘယ်တစ်ဖက်၊ ညာတစ်ဖက်လက်တွဲပြီး ညီညွတ်အောင် စည်းရုံးနိုင်သူ။ တစ်ဆံခြည်မျှ အလွဲအချော်မခံနိုင်တဲ့ လူမျိုးရေး၊ ဘာသာရေးကိစ္စများကြားမှာ ရင်ကြားစေ့နိုင်သူ။ အင်္ဂလိပ်လက်အောက်သူ့ကျွန်ဘဝက လွတ်အောင်ရုန်းသူ။ အင်္ဂလိပ်ရဲ့ အငြိုးအငြင်ကိုသာ ခံရပြီး အင်္ဂလိပ်ရဲ့ ဆုလာဘ်ပဏ္ဏာသနများကို မရရှိခဲ့သူ။ ကိုယ်ဝတ်မယ့် ဒိုတီအထည်ကို ကိုယ့်ဟာကိုယ် ဗိုင်းငင်ဝတ်ဆင်သူ။ ဘယ်နေရာမှာ တူပါသလဲဗျာ။

ဒီက ပုဂ္ဂိုလ်အမျိုးသမီးကတော့ (အနီးဆုံးဥပမာပေးရရင်တောင်) ကိုယ့်ပြည်တွင်းက 'မြန်မာအမျိုးသမီးများနေ့'ကိုတောင် တကွဲတပြားဖြစ်အောင် ကိုယ့်ပြည်ထဲရေးမှာ မညီမညွတ်ဖြစ်နေပါတယ်ဆိုတဲ့ ပုံရိပ်ထင်အောင် စိတ်အလိုလိုက်ပြီး ဖန်တီးနေသူသာ ဖြစ်ပါတယ်။ 'ဂန္ဒီကြီး'နဲ့ ဘယ်လိုမှ ထပ်တူနှိုင်းစရာမရှိတာကို အတင်းဆွဲ စပ်ဟပ်ပြကြတာ အမြင်အကြား မတင့်တယ်လှပါဘူး။

ပြီးတော့လဲ အဲဒီစာလွှာမှာ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားစတဲ့နိုင်ငံတွေမှာလဲ အမျိုးသမီးခေါင်းဆောင်တွေရှိခဲ့ကြောင်း၊ မြန်မာပြည်မှာလဲ ရှေးတကောင်းနေပြည်တော်မှ ဘဒ္ဒနုဝတီ၊ သရေခေတ္တရာ နေပြည်တော်မှ မာလာစန္ဒီ၊ ဗိဿနိုးပန်ထွာမင်းသမီး၊ ဟံသာဝတီ ရှင်စောပုတို့က အစချီပြီး ဩဇာကြီး ဓားထက်တယ်လို့ဆိုထားတဲ့ ပုဂံခေတ်မိဖုရားဖွားစော၊ အင်းဝက ရှစ်ယပဘာမင်းသမီး၊ ကုန်းဘောင်ခေတ်က နန်းမတော်ရှင်မင်းနု၊ ဆင်ဖြူရှင်မိဖုရား၊ စကြာဒေဝီမိဖုရားတို့အပြင် စုဖုရားလတ်တောင်ပါသေး။

အဲဒီကမှတစ်ဆင့် ပင်းခင်ခင်၊ မုံရွာ ခင်လေးကြီး၊ ပုဂံဗိုလ်ချို့ရဲ့ဇနီး (အဲဒီဇနီးနာမည်လေး ရှာဖွေထည့်ပေးရင်ဖြင့် သမိုင်းကို ဖျောက်ဖျက်တယ်လို့ မထင်ရတော့ဘူးပေါ့ဗျာ)။

ဟော... နောက်ပြီး ချင်းတိုင်းရင်းသူတွေဖြစ်တဲ့ လမ်ကြိုင်မ်၊ လှိုင်ဝန်ဟွဲနုမ်၊ ဝုန်နင်မ်၊ အွမ်ဟဲနယန်ကြိုင်းမ်၊ ဒင်မ်ငြမ်စတဲ့ သမိုင်းဝင်အာဇာနည်အမျိုးသမီးတွေ...။ ကျန်ပါသေးတယ်။

နောက်ထပ်တွေ့ရတာတွေကလဲ အများကြီးပဲဗျာ။ ထင်ပေါ်ကျော်ကြားမြန်မာအမျိုးသမီးများကို ရှာဖွေဖော်ထုတ်ထားတာတွေကို အဲဒီရွှေပေလွှာမှာ တွေ့ရပါတယ်။ ဒါတွေဟာ အများသိပြီးသားတွေချည်းပါ။ ဘယ်သူကမှ ဖုံးကွယ်ဖျောက်ဖျက်မထားကြပါ။

ဒါနဲ့ နေပါဦး။ အဲဒီစာထဲမှာ ဖော်ပြထားတဲ့အာရှတိုက်က အမျိုးသမီးခေါင်းဆောင်တွေနဲ့ ထင်ပေါ်တဲ့ရှေးမြန်မာအမျိုးသမီးတွေဟာ သူတို့ရဲ့မွေးနေ့တွေကို အမျိုးသမီးတွေအတွက် ကိုယ်စားပြုဖို့ဆိုပြီး နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့ဖို့ အတ္တကို ရှေ့တန်းတင်ခဲ့ကြပါသလား။ ပဒေသရာဇ်ခေတ်မှာ ဩဇာအာဏာထက်တဲ့ မြန်မာအမျိုးသမီးကြီးတွေတောင် အဲဒီလို အတ္တမျိုးရှိခဲ့တာ မတွေ့ရပါဘူး။ အဲဒီအမျိုးသမီးကြီးတွေကို ဝန်းရံခစားကြသူတွေကလဲ သူတို့ရဲ့အရှင်သခင် အမျိုးသမီးကြီးတွေ ထင်ပေါ်စေဖို့ မျက်နှာချိုသွေးပြီး မြှောက်ပင့် မပေးခဲ့ကြပါဘူး။

အလှူဒါန ရက်ရောလွန်းတဲ့ ပဒေသရာဇ်ဘုရင်မကြီး ရှင်စောပုတောင်မှ သူကို နှောင်းလူများ အမှတ်ရနေအောင်ဆိုပြီး မစီစဉ်ခဲ့ပါဘူး။ ကာလနှစ်ပေါင်းရာချီဖြတ်သန်းခဲ့ပြီးမှ ဒီဘက်ခေတ်ရောက်မှ 'ရှင်စောပုလမ်း' ရယ်လို့ သတ်မှတ်ဂုဏ်ပြုခံရရှာတာပါ။

ထပ်ပြီး အစွန်းရောက်တဲ့ ရေးသားချက်တစ်ခုကိုလဲ တွေ့ရပြန်သေးတယ်။

တိုင်းပြည်နဲ့လူမျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ စွန့်စားဝံ့တဲ့ အမျိုးသမီးများရဲ့ကဏ္ဍကို မှေးမှိန်ပျက်ပြယ် ပျောက်ကွယ်တားဆီးပိတ်ပင်မှုတွေပြုလုပ်သူများ ရှိနေပါတယ်တဲ့။

တကယ်တော့ 'သမိုင်းတင်ပြီးသား ဖြစ်ရပ်များကို ဘယ်လိုအကြောင်းမျိုးနဲ့မှ ဖျောက်ဖျက်ပစ်လို့မရစကောင်း'ဆိုတာ NLD အမျိုးသမီးလုပ်ငန်းအဖွဲ့မှ အဲဒီစာလွှာရေးသားသူများ ပိုသိမှာသာဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို 'လူပုဂ္ဂိုလ်ဆိုင်းဘုတ်တင်ရေးဝါဒီများ' အဖြစ်ရပ်တည်နေသမျှကတော့ ဘာကိုမျှအကောင်းမြင်သမား၊ အကောင်းမြင် ပါတီဖြစ်လာမှာ မဟုတ်တာ သေချာပါတယ်။

ပြီးတော့ အဲဒီစာလွှာထဲမှာ မုဒိတာတရား၊ မုဒိတာစကား တစ်ခွန်းမျှ မပါဘဲကျိန်စာတိုက်တာလိုလို၊ တစ်ဦးတစ်ယောက် ထင်ပေါ်ရေးကိုပဲ အဓိကထားရေးသားသလိုလိုနဲ့ ဘာမှအရည်မရ အဖတ်မရ စာစုသာဖြစ်နေတာတွေကိုလဲ သတိပြုမိပါရဲ့။

ပြီးတော့လဲ စာလွှာအဆုံးသတ်မှာ'ထာဝရပန်း'ဆိုပြီး ကဗျာဖွဲ့ထားသေးသဗျာ။ ကဗျာရဲ့အဓိပ္ပာယ်က အားလုံးရဲ့ရင်ထဲမှာ သူရှိနေပါသတဲ့။ သူသာဆရာ။ သူသာအမိတဲ့။ သူသာ နေမင်း၊ သူသာလမင်းတဲ့၊ သူ့ကြောင့်အလင်းရသတဲ့။ သူသာနှင်းဆီ၊ သူသာစပယ်ကုံး မွှေးမဆုံးတဲ့။ သူသာ သိမ်းငှက်၊ လင်းယုန်၊ စွန်ရဲတဲ့။ သူသာ ပတ္တမြား၊ စိန်ခဲ၊ ကျောက်မျက်ရွဲတဲ့။ သူသာ အနာဂတ်၊ ထာဝရ၊ အဓိကတဲ့။ သူနဲ့တကွ နိုင်ငံရေးအကျဉ်းသားအားလုံး ကျန်းမာချမ်းသာကြပါစေတဲ့။

ဖတ်လို့ကောင်းပါတယ် ---။

ဒါပေမယ့် သူတစ်ယောက်တည်းနဲ့တော့ မြန်မာပြည်ထူထောင်လို့ ရပ့်မလားဆိုတာလဲ ဖြေကြည့်ပေးပါဦး။ ပြည်ပအားမကိုးကြေးပေါ့ဗျာ။ ပြည်ပအားကိုးချင်ရင်လဲ ပြည်ပအားကိုးရလို့ ဒုက္ခ၊ သုက္ခတွေ့ရတဲ့ ကမ္ဘာ့နိုင်ငံတွေကို ဥပမာပြုပြီး ကဗျာစပ်ပေါ့ဗျာ။

ခြုံကြည့်လိုက်ရင် NLDရဲ့ ရွှေပေလွှာထဲမှာ မြန်မာအမျိုးသမီးတွေ တကယ်လိုအပ်နေတဲ့ အခြေခံအချက်တွေကို (လုံးဝ)မဖော်ပြထားတဲ့အပြင် ကိုယ်လိုရာဆွဲစကားလုံးတွေနဲ့သာ အဆုံးသတ်ထားခြင်းပါပဲ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၅ခုနှစ် ဧပြီ၇ရက်နေ့က ကန့်ကွက်တင်ပြအသိပေးထားတဲ့–

'နိုင်ငံတော်အား နိုင်ငံရေးဖိအားပေးလိုခြင်းကို အကြောင်းပြု၍ မတရားစွပ်စွဲဆုံးဖြတ်ချက်များနှင့် စာနာမှုကင်းစွာ ပိတ်ပင်တားဆီးခြင်းများကို မြန်မာနိုင်ငံလူဦးရေထက်ဝက်ကျော်ရှိ မြန်မာအမျိုးသမီးထုအား ကိုယ်စားပြုလျက်ရှိသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အပြင်းအထန် ကန့်ကွက်လိုက်သည်'ဆိုတဲ့ မြန်မာအမျိုးသမီးထုဘက်က ရပ်တည်ထားတဲ့ ရဲဝံ့တဲ့ ကန့်ကွက်ချက်မျိုးကိုပင် မထုတ်ပြန်ရဲတဲ့ NLDဗဟိုအမျိုးသမီးအဖွဲ့ရဲ့ အမြင်ကျဉ်းလှတဲ့ ရွှေပေလွှာဟာ မြန်မာအမျိုးသမီးထုအတွက် ဘယ်နေရာကမှ ရပ်တည်မပေးထားတာကို သမိုင်းတင်ပြီးသား ဖြစ်ခဲ့ပါပြီ။

ဒါကြောင့် သမိုင်းကို ဖျောက်ဖျက်သူများဟာ သမိုင်းရဲ့ အဆိုးရွားဆုံးသော ဒဏ်ခတ်မှုကို မလွဲမသွေ ခံရလိမ့်မယ်လို့ ခင်ဗျားတို့ပြောစကားအတိုင်း ...။

ကိုယ့်စကားနဲ့ ကိုယ်နော်။ NLD ဗဟိုအမျိုးသမီးအဖွဲ့ရေ... ဘွာမခတ်ကြေး။ ။

မြန်မာနိုင်ငံတော်အစိုးရဟာ မြန်မာအမျိုးသမီးတွေရဲ့ အခွင့်အရေးတွေ ဘက်စုံကဏ္ဍစုံမှာ တိုးတက်ဖြစ်ထွန်းဖို့" မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" ကို ၁၉၉၆ ဇူလိုင် ၃ရက်နေ့မှစပြီး (NGO အဖြစ်) ဖွဲ့စည်းပေးခဲ့တယ်။ အခုဆိုရင် (၁၀)နှစ်တောင်ပြည့်ခဲ့ပါပြီ။

အဲဒီလို စတင်ဖွဲ့စည်းပေးခဲ့တဲ့နေ့ဖြစ်တဲ့ ဇူလိုင် ၃ရက်နေ့ကို 'မြန်မာအမျိုးသမီးများနေ့'အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့တာ ၁၉၉၈ခုနှစ်ကပါ။ အခုဆို (၈)နှစ်ရှိပါပြီ။

အဲဒီလို သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့အခါမှာ ဘယ်ပုဂ္ဂိုလ်ရဲ့မွေးနေ့၊ ဘယ်အမှတ်တရနေ့တွေကိုမှရွေးချယ်ပြီး မသတ်မှတ်ခဲ့ပါ။ မြန်မာအမျိုးသမီးထုအားလုံးကို ကိုယ်စားပြုမယ့် 'မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ'ကို စတင်ဖွဲ့ခဲ့တဲ့နေ့ကိုသာ မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်လိုက်ခြင်းဟာ အသင့်တော်ဆုံးနဲ့ အဖြစ်သင့်ဆုံးသာဖြစ်ပါတယ်။

တရုတ်နိုင်ငံ၌မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ယခုနှစ်မေလကုန်အထိ သန်း ၄၂၀ ကျော်ရှိပြီ

ပေကျင်း ဇွန် ၂၅

တရုတ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းငှားရမ်းအသုံးပြုသူ (အပေါ်ပုံ)**အရေအတွက်သည် ယခုနှစ်မေလကုန်တွင် သန်း၄၂၀ ကျော် အထိရောက်ရှိသွားပြီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ဇွန် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။**

အဆိုပါ အရေအတွက်သည် ငါးလအတွင်း ၂၇ ဒသမ ၃၉ သန်း အထိတိုးတက်များပြားလာခဲ့ခြင်းဖြစ်ပြီး ကြိုးလိုင်းဖုန်းသုံးစွဲသူများထက်နှစ်ဆကျော်တိုးပွားခဲ့ကြောင်း စာရင်းအင်းများတွင် ဖော်ပြပါရှိသည်။

ကြိုးလိုင်းဖုန်းသုံးစွဲသူများထက် မိုဘိုင်းလ်ဖုန်းသုံးစွဲသူများက ၅၇ သန်းကျော်ရှိသည်။

ဖော်ပြ

လစဉ်မိုဘိုင်းလ်ဖုန်းသုံးစွဲသူပျမ်းမျှတိုးပွားမှုသည် လွန်ခဲ့သည့်နှစ်က သုံးသန်းနှင့် လေးသန်းအကြားရှိကြောင်း ဝန်ကြီးဌာနကဖော်ပြသည်။

တရုတ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းအသုံးပြုသူများသည် ၂၀၀၃ ခုနှစ်အောက်တိုဘာလတွင် ကြိုးလိုင်းဖုန်းသုံးစွဲသူများပြားလာခဲ့ကတည်းကပင် တစ်စတစ်စကြီးထွားလာခဲ့သည်။

မြင့်တက်

မိုဘိုင်းလ်ဖုန်းသုံးစွဲသူများ တိုးတက် များပြားလာသည့်အလျောက် လွန်ခဲ့သည့်နှစ်က အခွန်ရရှိမှုမှာ ၄၆ ဒသမ ၃ ရာခိုင်နှုန်းမှ ၁၆၇ ဒသမ ၉၅ ဘီလီယံအထိ မြင့်တက်ခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ တရုတ်နိုင်ငံ၏ စုစုပေါင်းစာတိုက်နှင့်ဆက်သွယ်ရေးက ရရှိသောဝင်ငွေသည် ယွမ်၂၈၇ဒသမ ၈၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၉၇ ဘီလီယံ)ရှိပြီး ယခင်နှစ်ကထက် ၁၁ ဒသမ ၄ ရာခိုင်နှုန်း ပိုများခဲ့ကြောင်းလည်း ဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်း၌မူးယစ်ဆေးဝါးသုံးစွဲသူ ၂၀၀၀၀ ပြန်လည်ထူထောင်ရေးဌာနများသို့ ပို့ဆောင်ကုသပေးခဲ့

ဘန်ကောက် ဇွန် ၂၅

ထိုင်းနိုင်ငံရှိ မူးယစ်ဆေးဝါးသုံးစွဲသူ ၂၀၀၀၀ကိုယခုနှစ်၏ပထမလဝက်တွင် မူးယစ်ဆေးဝါးဆိုင်ရာ ပြန်လည်ထူထောင်ရေးဌာနသို့ ပို့ပေးခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး ဂျာရူဆမ်ဘက်က ဇွန် ၂၃ရက်တွင် ပြောကြားသည်။

ပြောကြား

နိုင်ငံတစ်ဝန်းလုံးရှိ ပြန်လည်ထူထောင်ရေးဌာနများသို့ တက်ရောက်ခဲ့သည့် များပြားလှသော မူးယစ်ဆေးဝါးသုံးစွဲကြသူများအနက် ၉၀၀၀ ခန့်မှာ ဆယ်ကျော်သက်များဖြစ်ကြပြီး မက်သာဖက်တမင်း သုံးစွဲသူများမှာ ၁၈၊၂၄၊၇၂ရာခိုင်နှုန်းရှိကာ ကျန်ရှိသူများက ဆေးခြောက်၊ ဘိန်းဖြူနှင့် ပျော်ဝင်ရည်များ သုံးစွဲကြကြောင်း ၎င်းကပြောကြားသည်။

မူးယစ်ဆေးဝါးသုံးစွဲသူ ၉၅ရာခိုင်နှုန်းသည် ပြန်လည်ထူထောင်ရေးဌာနများတွင် ၁၂လကြာ ကုသမှုခံယူခဲ့ကြပြီးနောက် မူးယစ်ဆေးဝါးကို ပြန်လည်သုံးစွဲခြင်းမပြုတော့ကြောင်း သုတေသနနှင့် လေ့လာတွေ့ရှိချက်အရ ဝန်ကြီးက ပြောကြားသည်။

လုပ်ဆောင်

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောအစိုးရသည် မူးယစ်ဆေးဝါးသုံးစွဲခဲ့ကြသူများအား လူမှုဘဝဝန်းကျင်သို့ ပြန်လည်ပို့ဆောင်နိုင်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်မြှင့်တင်ဆောင်ရွက်မှုများကို အားတက်သရောဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် လုပ်ဆောင်ခဲ့သည်။

သုံးစွဲနိုင်

အကယ်၍ မူးယစ်ဆေးဝါးပြဿနာများသာ မရှိခဲ့လျှင် မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အစိုးရအနေဖြင့် ဘတ်ဂျက်အမေရိကန်ဒေါ်လာ သန်း ၂၀၀ ပိုမိုထွက်ရှိလာနိုင်သည့်အပြင် ပညာရေး၊ သိပ္ပံပညာရပ်များနှင့် ဆေးသုတေသနနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက်လည်း ခွဲဝေသတ်မှတ်သုံးစွဲနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အမေရိကန်အားတောင်ကိုရီးယားပြည်သူများရှုတ်ချ

ဆိုးလ် ဇွန် ၂၅

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် စစ်ပွဲအား ဆန့်ကျင်ကန့်ကွက်သူများသည် အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များ အီရတ်အား ကျူးကျော်တိုက်ခိုက်ခြင်းကို ဇွန် ၂၄ ရက်က ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။**(အောက်ပုံ)**

ဆန္ဒပြသူများသည် အမေရိကန်သမ္မတဘုရှ်၏ ရုပ်ပုံများဖြင့် ပုံဖော်ထားသော ဆိုင်းဘုတ်များ၊ စစ်ပွဲအား ဆန့်ကျင်သော ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆိုးလ်မြို့လယ်တွင် စီတန်းလှည့်လည် ဆန္ဒပြခဲ့ကြသည်။

ကန့်ကွက် ဆန္ဒပြသူများသည် အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်နိုင်ငံအား စစ်ရေးအရကျူးကျော်တိုက်ခိုက်ခြင်းကိုရှုတ်ချကြပြီး အီရတ်ရှိ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီးယူနိုင်ငံများရှိ လူသုံးပုံတစ်ပုံ အခြေခံကွန်ပျူတာကျွမ်းကျင်မှုမရှိကြ

ဘရပ်ဆဲလ် ဇွန် ၂၅

ဥရောပသမဂ္ဂနိုင်ငံများ(အီးယူ) ရှိအသက် ၁၆ နှစ်နှင့် ၇၄ နှစ်အကြားရှိ လူသုံးပုံတစ်ပုံသည် ၂၀၀၅ ခုနှစ်က အခြေခံကွန်ပျူတာ ကျွမ်းကျင်မှုမရှိ ကြကြောင်း အီးယူ ယူရိုစတက် စာရင်းအင်းဌာနက ဇွန် ၂၀ရက်က ဖော်ပြသည်။

အမျိုးသမီးပိုများ

အထက်ပါ အသက်အရွယ်ရှိ လူများအနက် ၃၇ ရာခိုင်နှုန်းသည် အခြေခံ ကွန်ပျူတာကျွမ်းကျင်မှုမရှိကြောင်း၊ အမျိုးသားများထက် အမျိုးသမီးများက ပိုများနေကြောင်း စာရင်းဇယားများအရ သိရှိရသည်။

အဖွဲ့ဝင်နိုင်ငံများအကြား ယင်းအသက်အရွယ်အုပ်စုအကြားနှင့် ပညာရေးအဆင့်ခြားနားမှုအကြားတွင်လည်း သိသိသာသာ ခြားနားလျက်ရှိကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။

စာပေတတ်ကျွမ်းမှု

ကိန်းဂဏန်းများအရ အဖွဲ့ဝင်နိုင်ငံ ၁၇ နိုင်ငံအကြား အီလက်ထရွန်နစ်နည်းပညာသုံး စာပေတတ်ကျွမ်းမှုတွင် ဂရိ၊ အီတလီ၊ ဟန်ဂေရီ၊ ဆိုက်ပရပ်စ်၊ ပေါ်တူဂီနှင့် လစ်သူနီးယားနိုင်ငံ ခြောက်နိုင်ငံ၌ ၅၀ ရာခိုင်နှုန်းမျှပင် မရှိပေ။ ဒိန်းမတ်၊ ဆွီဒင်၊ လူဇင်ဘတ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံငါးနိုင်ငံတို့တွင်လည်း ယင်းကျွမ်းကျင်မှုမှာ လူဦးရေ၏ သုံးပုံတစ်ပုံပင်မရှိပေ။

အသက်ကြီးသူများမှာ အီလက်ထရောနစ်နည်းပညာသုံး စာပေတတ်ကျွမ်းမှုမရှိသူ များပြားလျက်ရှိသည်။ ယင်းတတ်ကျွမ်းမှုမရှိသည့် နိုင်ငံများတွင် ဒိန်းမတ်နှင့် ဆွီဒင်၌ ၂၇ ရာခိုင်နှုန်းနှင့် ဂရိ၌ ၉၃ ရာခိုင်နှုန်းအထိပင် ရှိသည်။

အီးယူနိုင်ငံများတွင် အသက် ၂၅နှစ်နှင့် ၅၄နှစ်အကြားတွင် အခြေခံကွန်ပျူတာကျွမ်းကျင်မှုအားနည်းကြသူ ၂၉ရာခိုင်နှုန်းရှိကြောင်း လေ့လာချက်များတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇင်ဘာဘွေ၌ဝါဂွမ်းအထွက်နှုန်းကောင်းမည်

ဟာရာရေး ဇွန် ၂၅

ဇင်ဘာဘွေနိုင်ငံသည် ယမန်နှစ်က ဝါဂွမ်းတန်ချိန် ၁၉၀၀၀၀ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၃၀၀၀၀၀ ကျော် ထုတ်လုပ်ရန် မျှော်လင့်ထားကြောင်း ဝါဂွမ်းကျွမ်းကျင်သူတစ်ဦးက ဇွန် ၂၂ ရက်က ပြောကြားသည်။

အထွက်နှုန်းကောင်း

ဝါဂွမ်းစိုက်ပျိုးမှုသည် အခြားသီးနှံများနှင့်မတူဘဲ ရေ၊ မြေ၊ မိုးလေဝသ အဆင်ပြေမှုပေါ်မူတည်ပြီး အထွက်နှုန်းမှာကောင်းမည်ဖြစ်ကြောင်း ဝါဂွမ်းကျွမ်းကျင်သူ အိုဘတ်ဂျီရီက ပြောကြားသည်။

ပြောကြား

ဝါဂွမ်းကို တောင်သူအသေးစားများကပင် အဓိကထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယင်းတောင်သူများကိုယ်တိုင် ဝါစေ့များကို ထုတ်လုပ်ပြီး ဝါဂွမ်းထုတ်လုပ်ရန် မြေရယူနိုင်ကြောင်း ၎င်းကပြောကြားသည်။

ဇင်ဘာဘွေအစိုးရက ၂၀၀၀ပြည့်နှစ်ကစပြီး မြေယာအစီအစဉ် ပြုပြင်ပြောင်းလဲခဲ့ကြောင်း သိရသည်။ ဝါဂွမ်းသည် ဇင်ဘာဘွေနိုင်ငံ၏ အဓိကနိုင်ငံခြားငွေ ရှာဖွေပေးသည့်သီးနှံဖြစ်လာသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ၊ ငါးဦးသေဆုံး

မနီလာ ဇွန် ၂၅

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း လူစည်ကားရာ ဈေးတစ်ဈေး၌ ဇွန် ၂၃ရက်က ဗုံးတစ်လုံးပေါက်ကွဲရာ လူငါးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မင်ဒါနော်ကျွန်း ရှာမင်ဒါနော် ပြည်နယ် အုပ်ချုပ်ရေးမှူး အင်ဒယ်အမ်ပါကျူအန် ကားဖြင့် ရှာရက်အဂူအတ်မြို့ ဈေးသို့ဖြတ်သန်းသွားစဉ် လက်လုပ်ဗုံးများ ဝှက်၍တင်ထားသော ကားတစ်စီးပေါ်မှ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဘေးအန္တရာယ်ကျရောက်ခြင်းမရှိဘဲ အိမ်တွင်ရောက်ရှိနေပြီဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး နော်ရီယူနက်က သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဇင်ဘာဘွေနိုင်ငံ၏ ဝါဂွမ်းထုတ်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၃၀ပြည့်နှစ်၌ တရုတ်လူဦးရေ ၁ ဒသမ ၅ဘီလီယံရှိလာမည်

ပေကျင်း ဇွန် ၂၅

တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၃၀ပြည့်နှစ်ရောက်လျှင် လူဦးရေ ၁ ဒသမ ၅ဘီလီယံရှိလာမည် ဖြစ်ကြောင်းနှင့် ကျားမနှုန်းထားမှာ ယောက်ျားလေး ၁၁၉ဦးတိုင်း မိန်းကလေး ၁၀၀နှုန်းရှိကြောင်း တရုတ်နိုင်ငံမီဒီယာများက ဇွန် ၂၃ရက်က သတင်းထုတ်ပြန်လိုက်သည်။

တရုတ်နိုင်ငံ၌ ၂၀၀၅ခုနှစ်က စုစုပေါင်းလူဦးရေ ၁ ဒသမ ၃၀၇ ဘီလီယံ ရှိခဲ့ရာ လာမည့် ၂၀၃၀ပြည့် နှစ်လယ်တွင် တဖြည်းဖြည်းစတင် ကျဆင်းသွားမည်ဖြစ်ကြောင်း ချိုင်းနား ဒေလီသတင်းစာ၌ ဖော်ပြသည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် ခြောက်နှစ်က အမျိုးသား သန်းခေါင်စာရင်းအရ ကျားမနှုန်းထားမှာ ညီမျှမှု မရှိခဲ့ကြောင်း၊ ဆက်လက်ပြီး စိုးရိမ်ဖွယ်ရာနှုန်းထား ရှိနေဆဲ ဖြစ်ကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြထားသည်။

တစ်ကမ္ဘာလုံးရှိ ကျားမနှုန်းထားမှာ အမျိုးသား ၁၀၃ဦး မှ ၁၀၇ဦးလျှင် အမျိုးသမီး၁၀၀နှုန်းရှိကြောင်း ချိုင်းနား ဒေလီက ဖော်ပြထားပြီး တရုတ်နိုင်ငံတွင်မူ ကျားမနှုန်းထားမှာ ၁၉၉၀ပြည့်နှစ်က အမျိုးသား ၁၁၁ဦးလျှင် အမျိုးသမီး ၁၀၀ရှိနေကြောင်း ၎င်းသတင်းစာက ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၁၉၈၀ပြည့်နှစ် အစောပိုင်းမှစတင်ကာ တစ်အိမ်ထောင် ကလေးတစ်ဦးသာယူရမည့် စီမံကိန်းကိုချမှတ်ကာ လူဦးရေ တိုးတက်မှုကို ထိန်းချုပ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

လူမှောင်ခိုကူးခံရသူ ၇၈ဦးအား နိုင်ဂျီးရီးယားရဲတပ်ဖွဲ့ ကယ်တင်နိုင်ခဲ့

အဘူဂျာ ဇွန် ၂၅

နိုင်ဂျီးရီးယားရဲတပ်ဖွဲ့သည် ယခုနှစ်ပထမငါးလအတွင်း လူမှောင်ခိုခံရသူ ၇၈ ဦးကို ကယ်ဆယ်လိုက်နိုင်ကြောင်း၊ အများစုမှာ ကလေးများဖြစ်ကြကြောင်း ထိပ်တန်းအရာရှိတစ်ဦးက ဇွန် ၂၂ရက်က ပြောကြားသည်။

အဆိုပါ မှောင်ခိုခံရသူများအား နိုင်ငံ၏ အရေးပါသည့်ဒေသများတွင် လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း လူမှောင်ခိုကူးမှုဆိုင်ရာ ရဲတပ်ဖွဲ့ကြီးကြပ်ရေးမှူး အရာရှိဒိုရိုသီဂင်မ်ဘာက ပြောကြားသည်။

လွယ်ကူ

၂၀၀၃ခုနှစ်တွင် လူမှောင်ခိုကူးမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းခဲ့သဖြင့် ရဲတပ်ဖွဲ့အနေဖြင့် လူမှောင်ခိုကူးသူများအား ရှာဖွေစောင့်ကြည့်ရေးမှာ ပိုမိုလွယ်ကူချောမွေ့လာခဲ့ကြောင်း ဂင်မ်ဘာက ပြောကြားသည်။

ပြောကြား

ယခုအခါ လူမှောင်ခို ကူးမှုဆိုင်ရာ ဥပဒေရှိလာခဲ့ကတည်းက မိမိတို့၏ ရဲတပ်ဖွဲ့သည် ဖော်ထုတ်မှုနှင့်အကျိုး သက်ရောက်မှုများ ရှိလာခဲ့ကြောင်း၊ ဥပဒေမပြဋ္ဌာန်းမီကဆိုလျှင် မသင်္ကာ ဖွယ်ရာကိစ္စရပ်များကို အတိအကျ ဆောင်ရွက်ရန် ခက်ခဲခဲ့ရကြောင်း သူမက ပြောကြားသည်။

ရဲတပ်ဖွဲ့သည် လူမှောင်ခိုကူးသူများအား စိစစ်ဖမ်းဆီးနိုင်ရေး အတွက် အရာရှိများအား ဆက်လက်မြှင့်တင်ဆောင်ရွက်စေခဲ့ပြီး ခေတ်သစ် အစေအခိုင်းပြုသည့် အဖွဲ့အစည်းများအား နှိမ်နင်းရေးအတွက် ပြစ်မှုဆိုင်ရာများကိုလည်း အတည်ပြုစေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီဂျစ်မှ ဂါဇာကမ်းမြောင်ဒေသသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည်

ကိုင်ရို ဇွန် ၂၅

အီဂျစ်နိုင်ငံက ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ကူညီမည်ဖြစ်ရာ အီဂျစ်နှင့် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့တို့အကြား သဘောတူညီမှုစာချုပ်တစ်ရပ်ကို မကြာမီလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူ တစ်ဦးက မီနာသတင်းဌာနသို့ ဇွန် ၂၂ ရက်က ပြောကြားသည်။

ယင်းသဘောတူညီချက်အရ ဂါနာကမ်းမြောင်ဒေသကို အီဂျစ်နိုင်ငံက လျှပ်စစ်ဓာတ်အားပေးပို့ကူညီမည်ဖြစ်ရာ ပါလက်စတိုင်းတို့အတွက် လျှပ်စစ်ဓာတ်အားအဆင်ပြေမှုရရှိပြီး စီးပွားရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်လာနိုင်မည်ဟု ဆိုသည်။

နှစ်ရက်ကြာ ဆွေးနွေးခဲ့ပြီးနောက် အဆိုပါ သဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ပါလက်စတိုင်း စွမ်းအင်နှင့် သဘာဝအရင်းအမြစ်အကြီးအကဲ အိုမာကာတာနာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



နယ်သာလန်နိုင်ငံမြောက်ပိုင်းရှိ တူးမြောင်းအတွင်း၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလှေသင်္ဘော တစ်စင်းအား စမ်းသပ်မောင်းနှင်နေသည်ကို ဇွန် ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

လယ်သမားများအား ဒေါ်လာ ၅ဘီလီယံထုတ်ချေးရန် ဘရာဇီးအစိုးရစီစဉ်လျက်ရှိ

ဘရာဆီးလီးယား ဇွန် ၂၅

ဘရာဇီးအစိုးရသည် ၂၀၀၆–၂၀၀၇ခုနှစ် စိုက်ပျိုးရေးရာသီကာလအတွင်း အငယ်စားနှင့်အလယ် အလတ်ရှိသော လယ်ယာမြေများအတွက် အမေရိကန်ဒေါ်လာ ငါးဘီလီယံပေးရန် စီစဉ်လျက်ရှိကြောင်း ဇွန် ၂၀ရက်က ကြေညာသည်။

အဆိုပါ အစီအစဉ်အရ ဒေါ်လာ ၂၅၀၀မှ ဒေါ်လာတစ်သန်းအထိ ချေးငှားရန် လိုအပ်လျက်ရှိသည့် သမဝါယမများနှင့် လယ်သမားများအား အကြွေးစနစ်ဖြင့် အမေရိကန်ဒေါ်လာသန်း၃၀၀ကို မိသားစုစိုက်ပျိုးရေးနှင့် လူမှုဘဝ ပြန်လည်ထူထောင်ရေးအဖွဲ့က ချေးငှားမည်ဖြစ်သည်။

စီစဉ်ဆောင်ရွက်

၎င်းပြင် ယင်းအစီအစဉ်အရ ကျေးလက်ဒေသ ၄၀၀၀သို့ ကျွမ်းကျင်သူ ၂၀၀၀၀ ပို့လွှတ်ပေးမည့် ဘရာဇီးနည်းပညာဆိုင်ရာ အသင်းနှင့် ကျေးလက်တိုးချဲ့ ဆောင်ရွက်ရေးအစီအစဉ်ဟုခေါ်သော အဖွဲ့အစည်းကလည်း စီစဉ်ဆောင်ရွက်ပေးဦးမည် ဖြစ်သည်။

အမျိုးသားမိသားစု စိုက်ပျိုးမှုပြန်လည်ပြုပြင်ရေးအစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ဇူလိုင်လတွင် ပထမဆုံးငွေထုတ်ချေးရေး အစိုးရ၏ အစီအစဉ်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး ခိုင်ဟာမီကတ်ဆယ်လ်က ပြောကြားသည်။

ငွေကြေးမရှိသူများသည် ယခုအခါ ငွေကြေးရှိလာပြီဟု ဝံ့ကြွားစွာ ပြောနိုင်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘရာဇီးနိုင်ငံ၏ အဓိက မိသားစုစိုက်ပျိုးမွေးမြူရေး အဖွဲ့အစည်းကလည်း စိုက်ပျိုးရေးနှင့်ပတ်သက်၍ အာမခံခြင်း၊ နည်းပညာအကူအညီများနှင့် လယ်သမားများ၏ အစားအစာထုတ်လုပ်မှုအချို့ကို ဝယ်ယူရန်အစိုးရက ကတိပေးမှုများအပေါ် ချီးကျူးခဲ့သည်။ သို့သော် ယခုအစီအစဉ်တွင် အရင်းအမြစ်များ ပိုမိုလိုအပ်လျက်ရှိသေးကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဘောလုံးကွင်းပုံစံမုန့်

ဘောလုံးကွင်းပုံစံမုန့်အား စားသုံးနေသူများကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် ကမ္ဘာ့ဖလား ဘောလုံးပွဲ အထိမ်းအမှတ်အဖြစ် ချောကလက်များ၊ ဆန်မှုန့်များ၊ ကော်ဖီမှုန့်များနှင့် ပဲမှုန့်များ ပါဝင်ပေါင်းစပ်ဖွဲ့စည်းထားသည့် ကမ္ဘာ့ဖလား ဘောလုံးကွင်းတစ်ခုပုံစံမုန့်အား လာရောက် စားသုံးခဲ့ကြသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံးပို့စကတ်

ကမ္ဘာ့အကြီးဆုံး ပို့စကတ်တစ်ခုကို စုပေါင်း ရေးဆွဲနေကြစဉ်။ (ဝဲပုံ)

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် အကျယ်စတုရန်းမီတာ ၁၅၀ရှိပြီး အလေးချိန် ၁၀၀ကီလို ဂရမ်လေးသော ပို့စကတ်ကြီး တစ်ခုကို စိန့်ပီတာစဘတ် မြို့သူမြို့သားများက စုပေါင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အင်တာနက်)

အီရတ်တွင် တိုက်ပွဲဖြစ်ပွား ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၅

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲတစ်ခုတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည်လည်း စစ်မက်ဖြစ်ပွားခြင်းမဟုတ်ဘဲ သေဆုံးခဲ့သည်ဟု အမေရိကန်စစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇွန် ၂၃ရက်တွင် ပြောကြားသည်။

အတည်ပြုပြောကြား

မရိန်းတပ်ဖွဲ့ဝင်သည် ယန္တရားတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး အန်ဘာပြည်နယ်တွင် ရန်သူနှင့် တိုက်ပွဲဖြစ်ပွားစဉ် ဇွန် ၂၁ရက်က သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်စစ်တပ်မှ အတည်ပြုပြောကြားသည်။

ကျန်တပ်ဖွဲ့ဝင်တစ်ဦးမှာ နိုင်ငံပေါင်းစုံတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ဇွန် ၂၁ရက်က စစ်မက်ဖြစ်ပွားခြင်းမဟုတ်ဘဲ သေဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အမေရိကန်စစ်တပ်မှ ထုတ်ပြန်ခြင်း မရှိသေးပေ။

၂၀၀၃ခုနှစ် မတ်လမှစ၍ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ အီရတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ချိန်မှစ၍ ယခုတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၅၀၈ဦး ရှိသွားပြီ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက် စွမ်းရည်တိုးတက်လာပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများဖြင့် ပိုမိုဆောင်ရွက်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်သူများကို ပြည်ပနိုင်ငံများ၌ ဖမ်းဆီးရမိခဲ့ မြန်မာနိုင်ငံ၌ တရားစွဲဆိုနိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးကဏ္ဍ၏ အောင်မြင်မှုများပင်ဖြစ်

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့်သဝဏ်လွှာ–

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည်ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်၊တိုင်းအသီးသီးတွင်လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို တူညီသောရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာအား ဖြေရှင်းဆောင်ရွက်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)မှ ချမှတ်ပေးလိုက်သော ၂၀၀၆ခုနှစ် ဆောင်ပုဒ်မှာ **"မူးယစ်ဒုက္ခ မပေါ့ဆနှင့်"**"Drugs are not child's play" ဟူ၍ဖြစ်ပါသည်။

တိုးမြှင့်ဆောင်ရွက်

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ လူငယ်များသာမက မည်သူမဆို မည်သည့် အသက်အရွယ်အပိုင်းအခြားတွင်မဆို အဆုံးမသတ်နိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကွင်းဆက်ဆိုးကျိုးများကို ဖြစ်ပေါ်နိုင်သည့် မူးယစ်ဆေးဝါးများကို စမ်းသပ်သုံးစွဲခြင်းသော်မှမပြုပါနှင့် သုံးစွဲမိပါက စွဲလမ်းသွားကာ အတောမသတ်နိုင်သည့် ဘေးဒုက္ခအဖုံဖုံနှင့် တွေ့ကြုံခံစားရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သဝဏ်လွှာအရ ကမ္ဘာ့လူသားသန်း ၂၀၀နီးပါး တရားမဝင် မူးယစ်ဆေးဝါး အလွဲသုံးနေကြကြောင်း၊ ခရက်၊ ပေါ့၊ ဂျန့်ခ်၊ ခရစ်စတယ်၊ မက်နှင့် ဒစ်စကို ဘီစကစ်စသည့် စိတ်ဝင်စားဖွယ် ခေတ်ပေါ်အမည်နာမအစုံဖြင့် ဆွဲဆောင်မှုမျိုးစုံရှိသည့် မူးယစ်ဆေးဝါးများကို စမ်းသပ်သုံးစွဲမိကြခြင်းသည် လူ့ဘဝကို တိုတောင်းစွာ နိဂုံးချုပ်စေမည့် လက်မှတ်များသာဖြစ်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးစွဲခြင်းဝဲဩဃတွင် သက်ဆင်းမိကြသူများထံက သင်ခန်းစာရယူပြီး မူးယစ်နွံတွင်းမသက်ဆင်းမိကြစေရန် ဆုံးဖြတ်ချက်ခိုင်မာစွာ ရပ်တည်သင့်ကြောင်းဖြင့် တိုက်တွန်းထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါး၏ ဘေးဒုက္ခကို ပေါ့ပေါ့တွေး၊ ပေါ့ပေါ့ဆဆသဘောမထားဘဲ မူးယစ်ကင်းစင် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်း လူရည် ချွန်လူရည်မွန်များ ပေါ်ထွန်းရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပြဿနာများကို ခေတ်အဆက်ဆက် အစိုးရများမှ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များအပေါ် အခြေခံလျက် ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅နှစ် စီမံကိန်းရေးဆွဲပြီး ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ပထမငါးနှစ် စီမံကိန်းကာလ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အခြေအနေမှာ နှစ်စဉ်လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ မြန်မာ–အမေရိကန်နှစ်နိုင်ငံ ဘိန်းအထွက်နှုန်း တိုင်းတာခြင်းနှင့် မြန်မာ-UNODC တို့ပူးပေါင်း၍ တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူခြင်း လုပ်ငန်းအစီရင်ခံစာများအရ သက် သေခံလျက်ရှိပါသည်။

အထောက်အပံ့ဖြစ်

ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့များဖြစ်သည့် ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးလုပ်ငန်းအဖွဲ့နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့များမှ စီမံချက်များရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ရေးအတွက် သက်ဆိုင်ရာ ကျောင်းဆရာ ဆရာမများက ပညာပေးဆွေးနွေးခြင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဟောပြောခြင်း၊ နှစ်စဉ်ဇွန်လ ၂၆ရက်၌ ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသည့် ပြိုင်ပွဲများကျင်းပရာတွင် ကျောင်းသားလူငယ်များ အဓိကပါဝင်ယှဉ်ပြိုင်ခြင်း ဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကို များစွာ အထောက်အပံ့ဖြစ်စေခဲ့ပါသည်။

အလားတူ မူးယစ်ဆေးဝါးသုံးစွဲ မှုပပျောက်ရေးအတွက် ကျန်းမာရေးဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်၊တိုင်းများတွင် မူးယစ်ဆေးစွဲသူများအား ကုသပေးရန် ဆေးကုဌာနကြီး ၂၆ခုနှင့် ဆေးကုဌာနငယ် ၄၀အား ဖွင့်လှစ်ပေးထားပြီး ဆေးကုဌာန သီးခြားဖွင့်လှစ်နိုင်ခြင်းမရှိသည့် မြို့နယ်များတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူ ကုသပေးလျက်ရှိပါသည်။ ဆေးဝါးကုသမှု ခံယူပြီးနောက် ပြန်လည်ထူထောင်ရေးစခန်း ခြောက်ခုကို ပြည်နယ်၊ တိုင်းများတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ကြီးကြပ်မှုဖြင့် ရွှေပြည်သာနှင့် ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးစခန်းနှစ်ခုကို ဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများအား ဆေးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်နယ်နှင့်တိုင်းများအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများ အခြေခံစာရင်းကောက်ယူရေးလုပ်ငန်းအရ ၂၀၀၃ခုနှစ် တွင် မူးယစ်ဆေးသုံးစွဲသူ ၆၈၂၃၀ရှိရာမှ ၂၀၀၆ခုနှစ် ဇန်နဝါရီလအထိ စာရင်းကောက်ယူရာတွင် ၅၈၁၃၄ဦးသာ ရှိကြောင်း တွေ့ရှိရသဖြင့် သုံးနှစ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ တစ်သောင်းကျော် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

အောင်မြင်မှုများပင်ဖြစ်

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၅–၂၀၀၆ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၀၂၄၉ဒသမ၈၅ဧကေ ဖျက်ဆီးနိုင်သဖြင့် ၂၀၀၄–၂၀၀၅ခုနှစ်ထက် ၄၀၉ဒသမ၅၄ဧကကျော် ပိုမိုဖျက်ဆီးနိုင်ခဲ့ပါသည်။ ထို့ပြင် တားဆီးနှိမ်နင်းရေးအဖွဲ့များက ဘိန်းနှင့်ဘိန်းဖြူများကို ၂၀၀၃–၂၀၀၄ ခုနှစ်များတွင် ယခင်နှစ်များထက် ပိုမိုဖမ်းဆီးနိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးအဖွဲ့များ၏ စွမ်းရည်တိုးတက်လာမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူများကို ပြည်ပနိုင်ငံများတွင် ဖမ်းဆီးရမိခဲ့ပြီး မြန်မာနိုင်ငံ၌ တရားစွဲဆိုနိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးကဏ္ဍ၏ အောင်မြင်မှုများပင် ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၆ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **"မူးယစ်ဒုက္ခ မပေါ့ဆနှင့်"** "Drugs are not Child's Play"ဟူသော ဆောင်ပုဒ်နှင့်အညီ အသက်အရွယ် အပိုင်းအခြားမရွေး မည်သူမဆို အဆုံးမသတ်နိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကွင်းဆက် ဆိုးကျိုးဒုက္ခများစေသည့် မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲခြင်းမပြုရန်နှင့် ပေါ့ပေါ့ဆဆတွေး၊ ပေါ့ပေါ့ဆဆသုံးစွဲခြင်း မပြုမိကြစေရန် သတိပြုကြပါ။ ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးကိုလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

လူအများ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအာနိသင်များ ဂဃနဏပြည့်စုံစွာ မသိကြ မူးယစ်ဆေးဝါးသည် ပြဿနာပေးနိုင်သည့်အတွက် ပြည်သူများနားလည်အောင် ပညာပေး အလွဲသုံးမှုကာကွယ်ရေးလုပ်ငန်းများ ယခုထက်တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာ–

မူးယစ်ဆေးဝါးသုံးစွဲမည်၊ မသုံးစွဲမည်ဆိုသည်ကို မိမိကိုယ်တိုင်သာ ရွေးချယ်ဆုံးဖြတ်ရပေမည်။ သေချာစွာသိရှိနားလည်ပြီးမှ ရွေးချယ်ဆုံးဖြတ်ခြင်းမျိုးဖြစ်သင့်သည်။ သို့ရာတွင် ကမ္ဘာပေါ်ရှိ လူအများတို့သည် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအာနိသင်များကို ဂဃနဏပြည့်စုံစွာမသိကြပေ။ သို့ဖြစ်သည့်အတွက် မူးယစ်ဆေးဝါး အလွဲသုံးမှု ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ကျွန်ုပ်တို့ ယခုထက် တိုးမြှင့်ဆောင်ရွက်ရန် လိုသည်။နိုင်ငံအစိုးရများမှ မှန်ကန်သော ဦးဆောင်မှုများ လိုအပ်ပါသည်။ မူးယစ်ဆေးအလွဲသုံးမှုသည် မိမိတစ်ဦးတည်းကိုသာမက လူအများကိုပါ အန္တရာယ်ပြုနိုင်ကြောင်း စံနမူနာပြနိုင်သည့် ဥပမာများပေးရန် လိုသည်။

ပညာပေးရန်လို

မူးယစ်ဆေးဝါးသည် ပြဿနာပေးနိုင်သည့်အတွက်သာ တရားမဝင်ခြင်းဖြစ်ပြီး တရားမဝင်သည့်အတွက် ပြဿနာဖြစ်နေခြင်းမဟုတ်ကြောင်းကို လူအများနားလည်သဘောပေါက်အောင် ပညာပေးရန်လိုပေသည်။ မူးယစ်ဆေးဝါးသည် စိတ်ရောကိုယ်ပါ အန္တရာယ်ပြုနိုင်ပြီး စွဲလမ်းသွားမိပါက သုံးစွဲသူ ကိုယ်တိုင်သာမက ၎င်းနှင့် နီးစပ်နေသူအားလုံးကိုပါ စိတ်ဆင်းရဲသောက ရောက်စေနိုင်သည်။ မူးယစ်ဆေးကို အကြောထဲ ထိုးသွင်းသုံးစွဲပါက အသက်ကို အန္တရာယ်ပြုနိုင်သည့် ရောဂါဆိုးများ အထူးသဖြင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကဲ့သို့သော ရောဂါမျိုးကူးစက်နိုင်ပေသည်။ မူးယစ်ဆေးဝါး ညှဉ်းပန်းနှိပ်စက်လာပြီဆိုပါက ဝင်ငွေအနိမ့်အမြင့်၊ လူမျိုး၊ ရာထူး၊ အဆင့်အတန်းသာမက ပထဝီ နေရာဒေသမရွေး ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရပေမည်။

ကျွန်ုပ်တို့၏ အသိပညာပေး ဆောင်ရွက်ချက်များကို လူငယ်များသို့ အထူးဦးတည်ရပေမည်။ လက်ကမ်းပညာပေးလုပ်ငန်းများ၊ ဝါသနာတူ၊ စရိုက်တူအချင်းချင်း ပေါင်းဖွဲ့ပညာပေး လုပ်ငန်းများကိုသာမက အားကစားလုပ်ငန်းများကိုပါ အခွင့်ကောင်းယူကာ လူငယ်အများ တက်ကြွကျန်းမာပြီး မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရှိစေရန် ဆောင်ရွက်ပေးရပေမည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင်လည်း မိဘနှင့်ဆရာမများကပါ ၎င်းတို့ အခန်းကဏ္ဍမှ အပြည့်အဝပါဝင်လာစေရန် တိုက်တွန်းသိမ်းသွင်း လှုံ့ဆော်သွားရပေမည်။

ဖြေရှင်းပေးရာရောက်

တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု လျော့ကျသွားစေရန် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ပူးတွဲ ဆောင်ရွက်သွားရန်လိုပေသည်။ ဤမျှမက မူးယစ်ဆေးစိုက်ပျိုး ထုတ်လုပ်သည့် နိုင်ငံများမှ တောင်သူများအတွက်လည်း မူးယစ်ဆေးစိုက်ပျိုးခြင်းမပြုဘဲ ၎င်းတို့၏ဘဝ ရေရှည်ရပ်တည်သွားနိုင်မည့် တခြားသော နည်းလမ်းများကို ဖော်ဆောင်ပေးရန်လိုပေသည်။ တစ်နည်းအားဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်သွားရန် တစ်ပြိုင်တည်း ကိုင်တွယ်ဖြေရှင်းပေးရာ ရောက်လေသည်။

လက်တွဲဖြန့်ဖြူးပေး

ယနေ့ ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုဆန့်ကျင်ရေးနေ့အား ကျွန်ုပ်တို့အားလုံး ကျရာတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရန်လှုံ့ဆော်သတိပေးခြင်းပင်ဖြစ်ပေသည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကို ပံ့ပိုးထောက်ပံ့ရန် ကုလသမဂ္ဂအဖွဲ့ကြီးက အဆင်သင့်ရှိနေသည့်အတွက် အများပြည်သူက မူးယစ်ဆေးဝါးအလွဲသုံးမှုကို မျက်ကွယ်ပြုစေမည့် လိုအပ်သော အသိပညာများကို လက်တွဲဖြန့်ဖြူးပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်တွင်းစားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးရန် သာကေတမြို့နယ်၌ ဆီချောဆီသန့်စက်ရုံကြီးဖွင့်လှစ်လိုက်ပြီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပုံနှင့် ကြက်ဆူဆီထုတ်လုပ်မှုအဆင့်ဆင့်ပြကွက်ကို ကြည့်ရှုအားပေးစဉ်။

ဓာတ်ပုံမှတ်တမ်း– တင်စိုး(မြန်မာ့အလင်း)

သတင်း၊မြင့်ကွင်း – မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၅

ယနေ့ မြန်မာနိုင်ငံ၏ ၅၄သန်းသော ပြည်သူများ၏ စားသုံးကုန်တွင် ဆန်ပြီးလျှင် ဆီသည် အဓိကအရေးကြီးဆုံး စားသုံးကုန်ဖြစ်သည်။ နိုင်ငံအတွင်း မီတင်းနေထိုင်ကြသော လူဦးရေအားလုံးအတွက် စားသုံးဆီလိုအပ်မှုမှာ ထုတ်လုပ် နိုင်မှုထက် ပိုနေသဖြင့် နှစ်စဉ် စားသုံးဆီများ ပြည်ပမှ တင်သွင်းနေရသည်။

ဖြည့်ဆည်းပေးနိုင်

ယင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ဆီထွက်သီးနှံ စိုက်ပျိုးသွားရန် နိုင်ငံတော်က စီစဉ်သည့်အခါ တစ်ဧကေ ဆီထွက်အများဆုံးဖြစ်သော ဆီအုန်းသည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် သီးနှံဖြစ်လာသည်။

နိုင်ငံတော် အစိုးရက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီအုန်းကို ရေမြေ၊ ရာသီဥတု သဘာဝအရ သင့်လျော်သည့် တနင်္သာရီတိုင်းကို ရွေးချယ်သတ်မှတ်၍ ၁၉၉၈ ခုနှစ်မှစပြီး ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီပေါင်း ၃၀ကျော်အား မြေလွတ်မြေရိုင်း စိုက်ဧက ငါးသိန်းကို ခွဲဝေချထားပေးပြီး စိုက်ပျိုးလုပ်ကိုင်စေခဲ့ကြောင်း သိရသည်။

ယခုအခါ ဆီအုန်းစိုက်ဧကေ တစ်သိန်းခွဲအထိ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ ယင်းကုမ္ပဏီများအနက် ယုဇနကုမ္ပဏီလီမိတက်သည် တနင်္သာရီတိုင်း ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့၌ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖွင့်လှစ်

အကျိုးရလဒ်အဖြစ် ယခုအခါ အဆိုပါစိုက်ပျိုးထားသော ဆီအုန်းပင်များမှ ဆီသီးခိုင်များ ထွက်ရှိလာပြီဖြစ်သည်။ ယင်းဆီသီးခိုင်များမှ ဆီကြမ်းကိုထုတ်လုပ်ကာ ယင်းမှ တစ်ဆင့် ဆီသန့် ဆီချောအဖြစ် ထုတ်လုပ်နိုင်သည့် ဆီသန့်ဆီချောစက်ရုံကြီးတစ်ရုံကို ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရှုခင်းသာရပ်ကွက်၌ ဇွန် ၂၅ရက်က အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ဝယ်ယူရရှိနိုင်

ယင်းဆီချောဆီသန့်စက်ရုံကြီးမှ တစ်နေ့လျှင် ဆီချောတန် ၂၀၀ ထုတ်လုပ်ပေးနိုင်ကြောင်း၊ ၁၅ကျပ်သား အိတ်အရွယ်မှ ၁၀ပိဿာဝင်ပုံးများအထိ ထုတ်လုပ်ပေးကာ အမြို့မြို့ အနယ်နယ်ရှိ စားသောက်ကုန်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

အဆိုပါဆီသန့်စက်ရုံမှ လိုအပ်သည့်ဆီကြမ်းများကို ကော့သောင်းဆီကြမ်းစက်ရုံမှတစ်ဆင့် သင်္ဘောဖြင့် ရောက်ရှိကာ ယခုစက်ရုံနှင့် တွဲဖက်တည်ဆောက်ထားသော ဆိပ်ကမ်းမှ တစ်ဆင့် ပိုက်လိုင်းဖြင့် သွယ်တန်းလျက် ပို့ပေးကြောင်းသိရသည်။

တိုးချဲ့စိုက်ပျိုး

ယုဇနကုမ္ပဏီလီမိတက်သည် ကော့သောင်းခရိုင်၌ ၁၉၉၉ခုနှစ်မှစပြီး ဆီအုန်းများစိုက်ပျိုးခဲ့ရာ ၂၀၀၅ခုနှစ်အထိ ဆီအုန်းစိုက်ဧကေ ၁၇၇၀၀ စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ် တို့တွင်လည်း စိုက်ဧကေများ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကုမ္ပဏီက လိုအပ်ချက်အရ ဆီအုန်းဆီကြမ်းထုတ်လုပ်သန့် စက်ရုံကို ကော့သောင်း၌ တည်ဆောက်ကာ စက်လည်ပတ်လျက်ရှိကြောင်း၊ တစ်နာရီလျှင် ဆီသီးတန်ချိန် ၃၀ကျကြိတ်ခွဲနိုင်ကြောင်း သိရသည်။ ယင်းဆီကြမ်းစက်ရုံမှ ၂၀၀၆ခုနှစ် မေလကုန်အထိ ဆီကြမ်းတန်ချိန် ၈၂၂၈ ရရှိကြောင်းလည်း သိရသည်။

ထုတ်လုပ်နိုင်မည်

ယခုဖွင့်လှစ်လိုက်သော ဆီချောဆီသန့်စက်ရုံမှ တစ်နှစ်လျှင် CPO ဆီကြမ်းတစ်သိန်း သန့်စင်နိုင်ပြီး စားသုံးဆီတစ်နှစ်လျှင် တန်ချိန် ၆၅၀၀၀ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ထို့အပြင် PFDA ဆပ်ပြာချက်ဆီ တစ်နှစ်လျှင် တစ်ချိန် ၅၀၀၀ ထုတ်လုပ်ပေးနိုင်သည့်အပြင် Shortening, Strearin, Bakery Fat, Butter Oil Substitute, Vegetable, Gheeစသည့် မုန့်ဖုတ်လုပ်ငန်းများ သုံးဆီ တစ်နှစ်လျှင်တန် ၃၀၀၀၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ယင်း ဆီသန့်စက်ရုံကြီးမှ ၂၀၀၆–၂၀၀၇ခုနှစ်တွင် စမ်းသပ်လည်ပတ်ပြီး ၂၀၀၉–၂၀၁၀တွင် စက်စွမ်းအားပြည့် တဖြည်းဖြည်း ရာခိုင်နှုန်းတိုးကာ လည်ပတ်သွားနိုင်မည် ဖြစ်ကြောင်း၊ ယင်းစက်ရုံကြီးမှာ ပြည်တွင်းပြည်ပပညာရှင်များ ပူးပေါင်းလျက် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်ညီညွတ်

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ဆီချော ဆီသန့်စက်ရုံကြီး တစ်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး ထုပ်ပိုးမှုအဆင့်မြင့်မားမှုရှိသည့် စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်တော့မည် ဖြစ်ကြောင်း သတင်းမြင်ကွင်းမှတစ်ဆင့် ကွင်းဆင်းလေ့လာ တင်ပြရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)



ဆီအုန်းသီးခိုင်များကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ယုဇနစားအုန်းဆီချောဆီသန့် စက်ရုံလည်ပတ်မှုအခြေအနေ

- ❑ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် စက်ရုံစမ်းသပ်လည်ပတ်မည်။
- ❑ ၂၀၀၇–၂၀၀၈ ခုနှစ်တွင် စက်ရုံ Capacity ၏ ၄၀ ရာခိုင်နှုန်း လည်ပတ်နိုင်ရန် မျှော်မှန်းထား။
- ❑ ၂၀၀၈–၂၀၀၉ခုနှစ်တွင် စက်ရုံ Capacity ၏ ၇၅ ရာခိုင်နှုန်း လည်ပတ်နိုင်ရန် မျှော်မှန်းထား။
- ❑ ၂၀၀၉–၂၀၁၀ပြည့်နှစ်တွင် စက်ရုံ Full Capacity လည်ပတ်နိုင်ရန် မျှော်မှန်းထား။
- ❑ ကုမ္ပဏီပိုင် စိုက်ခင်းနှင့် ဆီကြမ်းစက်ရုံတို့မှ ထွက်ရှိသော ကုန်ကြမ်းပေါ် အခြေခံ၍ လျာထား။

ယုဇနစားအုန်းဆီချောဆီသန့် စက်ရုံ၏စက်စွမ်းအား

- ❑ တစ်နှစ်လျှင် CPO ဆီကြမ်း တန်တစ်သိန်း သန့်စင်နိုင်။
- ❑ Super Olein စားသုံးဆီ တစ်နှစ်လျှင် တန် ၆၅၀၀၀ ထုတ်လုပ်နိုင်။
- ❑ PFDA ဆပ်ပြာချက်ဆီ တစ်နှစ်လျှင် တန် ၅၀၀၀ ထုတ်လုပ်နိုင်။
- ❑ Shortening , Stearin, Bakery Fat, Butter Oil Substitute, Vegetable Ghee စသည့် မုန့်ဖုတ်လုပ်ငန်းများသုံးဆီ တစ်နှစ်လျှင် တန်၃၀၀၀၀ ထုတ်လုပ်နိုင်။

ဆီကြမ်းများကိုသန့်စင်ပေးသည့် စက်ရုံကိုတွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း –တင်စိုး(မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၅) ဖြန့်ချိ

ရန်ကုန် ဇွန် ၂၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၅)တွင် နေပြည်တော်၌ ပို့ကုန်သွင်းကုန်လိုင်စင် ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ ဘဏ်စနစ်ကို အားထားလာ၊ မြန်မာ–ထိုင်း–တရုတ် –အိန္ဒိယချိတ်ဆက်မည့်ရထားလမ်းမကြီးဖောက်လုပ်သွားမည်၊ ယူကေနှင့် စင်ကာပူတက္ကသိုလ်များတွင် ပညာသင်လိုသူများ Regentမှ အခမဲ့ဝန်ဆောင်မှုပေးမည် စသည်ဖြင့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အလားအလာကောင်းနေတဲ့ အီတလီ၊ ဥရောပသားတွေရဲ့ ချန်ပီယံအိပ်မက်ကို ရှေ့တစ်လှမ်းတိုးပြီး ခြိမ်းခြောက်လာတဲ့ ဘရာဇီး၊ ကမ္ဘာ့ဖလားပွဲကြိုသုံးသပ်ချက်များအပါအဝင် ဒီပွဲ ကြည့်ချင်လွန်းလို့နှိုက်မိတာပါ၊ သမ္မတဘုရှ်က အီရန်နိုင်ငံအား ရာဇသံပေး၊ ဝန်ကြီးချုပ်ဟောင်း မဟာသီယာအား ပါတီမှ ထုတ်ပယ်ရေး စဉ်းစားတော့မည်လား၊ ကယ်ဆယ်ရေးစက်ရုပ်ပြိုင်ပွဲ ထိုင်းအဖွဲ့က ကမ္ဘာ့ချန်ပီယံဆုဆွတ်ခူး စသည့်နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ကျန်းမာရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း– ၂၂၆၈၅၈ကေ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

✡ **ရှေ့ဖုံးမှ**

ယုဇနကုမ္ပဏီဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ယုဇနစားအုန်းဆီသန့် စက်ရုံဖွင့်ပွဲကို စက်ရုံအဝင်ဝ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ယုဇနကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ်၍ စက်ရုံကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စက်ခလုတ်နှိပ်၍ ယုဇနဆီသန့်စက်ရုံ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စက်ခလုတ်နှိပ်၍ စက်ရုံကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ယုဇနကုမ္ပဏီ ဥက္ကဋ္ဌတို့က စက်ရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထုတ်လုပ်ပြီး စားအုန်းဆီများနှင့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ်များကို စက်ရုံခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ယုဇနကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနစားအုန်းဆီသန့်စက်ရုံ တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဝမ်းသာဂုဏ်ယူ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ယခုကဲ့သို့ ယုဇနဆီချောသန့်စက်ရုံ အောင်မြင်စွာ ဖွင့်လှစ်လည်ပတ် ထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးခြင်းပင်ဖြစ်ကြောင်း၊ Yuzana Edible Oils Groupသည် တစ်ဖက်က ဆီအုန်းပင်များကို ကိုယ်ပိုင်စိုက်ပျိုးပြီး ဆီကြမ်းကို ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ယခု စားသုံးနိုင်သော ဆီချောကိုလည်း ထုတ်လုပ်နိုင်ပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ နိုင်ငံတော်၏ တစ်နှစ် စားသုံးဆီ လိုအပ်ချက်မှာ တန်ချိန် သုံးသိန်းခန့်ဖြစ်၍ ပြည်တွင်း၌ တန်ချိန်နှစ်သိန်းခန့်သာ ထုတ်လုပ်နိုင်သဖြင့် နှစ်စဉ်နိုင်ငံခြားငွေ အမြောက်အမြားသုံးစွဲ၍ ပြည်တွင်း လိုအပ်ချက်ကို ပြည့်ပမှတင်သွင်း ဖြည့်ဆည်းပေးနေရကြောင်း၊ စားသုံးဆီ ဖူလုံသည်အထိ မြေပဲနှင့်နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးရန်မှာလည်း အခြေအနေမပေးသေးကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲက တနင်္သာရီတိုင်းတွင် ဆီအုန်းဧက ငါးသိန်းအထိ စိုက်ပျိုးရန် လမ်းညွှန်ထားသည်နှင့်အညီ ယုဇနကုမ္ပဏီအပါအဝင် ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီများက အားသွန်ခွန်စိုက် စိုက်ပျိုးလျက်ရှိကြသဖြင့် မကြာမီ နိုင်ငံတော်အကြီးအကဲ ရည်မှန်းချက်ပေးထားသည့် ဧကငါးသိန်း ပြည့်မီမည်ဖြစ်ကြောင်း၊ ယခုတည်ဆောက်ပြီးဖြစ်သည့် စားသုံးဆီ ဆီချောစက်ရုံက တစ်နေ့တန် ၂၀၀နှုန်း ထုတ်လုပ်နိုင်မည်ဖြစ်၍ နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် စက်ရုံကြီး တစ်ရုံကို Yuzana Edible Oils Group က တည်ထောင်ပေးခြင်းအတွက် နိုင်ငံတော်အနေဖြင့် ဝမ်းသာဂုဏ်ယူကြောင်း၊ တစ်ဖက်ကလည်း ပြည်တွင်းစားသုံးမှုအပြင်ပြည်ပသို့ပင်တင်ပို့ပြီး နိုင်ငံခြားငွေ တိုးမြှင့်ရရှိရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အားထားဆောင်ရွက်

စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုများပြားမည်ဖြစ်သော်လည်း အရင်းကျေရေးထက်၊ စားသုံးသူများ သက်သာချောင်ချိစွာ စားသုံးရေးကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲက စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ်လုပ်မှုစရိတ် သက်သာစေရေး၊ ခြိုးခြံချွေတာရေးတို့ကို ကြိုးပမ်းဆောင် ရွက်ကြရန် အခါမလပ် လမ်းညွှန် မှာကြားလျက်ရှိကြောင်း၊ သို့ဖြစ်၍ ထုတ်လုပ်သူရော၊ စားသုံးသူပါ အကျိုးရှိစေရအောင် နိုင်ငံတော်အကြီးအကဲ၏ အထက်ပါ လမ်းညွှန်ချက်ကို အလေးထားလိုက်နာဆောင်ရွက်ရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ဌာနဆိုင်ရာများအတွက် စက်ရုံထွက်စားအုန်းဆီများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံပေးအပ်လှူဒါန်းသည်။

ဂါရဝပြုပေးအပ်

ထို့နောက်ကုမ္ပဏီဥက္ကဋ္ဌဦးဌေးမြင့်က အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီးများနှင့် မြို့တော်ဝန်တို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လက်မှတ်ရေးထိုး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ အမှတ်တရ လက်မှတ်ရေးထိုးပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ယုဇနဆိပ်ခံတံတားရှိ စားအုန်းဆီကြမ်းတင် သင်္ဘောမှ ဆီကြမ်းများကို ပန့်ဖြင့်သိုလှောင်ကန်သို့ ထည့်သွင်းမှု၊ စက်ရုံလျှပ်စစ်ခန်း၊ ဆီပုံးခွံ ထုတ်လုပ်မှုခန်း၊ ကရင်(မ်) (Cream) ထုတ်လုပ်မှုခန်းနှင့် ဆီထည့်သွင်းထုပ်ပိုးမှုခန်းတို့ကို လှည့်လည်ကြည့်ရှုကြရာ စက်ရုံ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဝန်ကြီးများသည် စက်ရုံဘေး မြေကွက်၌ စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဆီအုန်းပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပုံနှင့် ကြက်ဆူဆီ ထုတ်လုပ်မှု အဆင့်ဆင့်ပြကွက်ကို ကြည့်ရှုအားပေးကြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများသည် စက်ရုံဝင်းအတွင်း၌ စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယုဇနစားအုန်းဆီသန့် စက်ရုံသည် ၂၄ဧက ကျယ်ဝန်းကာ ဆီတန် ၃၀၀၀ သင်္ဘော ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတားကိုပါ တည်ဆောက်ထားပြီးဖြစ်သည်။ စက်ရုံ၏ ဆီထုတ်လုပ်မှုမှာ နေ့စဉ် စားအုန်းဆီကြမ်းတန် ၃၀၀ကို သန့်စင်နိုင်ပြီး တစ်နေ့လျှင် စားသုံးဆီတန် ၂၀၀ ထုတ်လုပ်နိုင်သည်။ စားသုံးဆီအပြင် မုန့်လုပ်ငန်းသုံး Shortening, Stearim, Bakery Fat,Vegetable Fat, Butter Oil, Substitute တို့ကို နေ့စဉ်တန် ၈၀ ထုတ်လုပ်နိုင်ပြီး၊ ဆပ်ပြာချက်ဆီ တစ်နေ့လျှင် တန်၂၀ထုတ်လုပ်နိုင်သည်။ စက်ရုံက စားအုန်းဆီအပြင် မြေပဲဆီ၊ ပဲပုပ်ဆီနှင့် Vegetable Oil တို့ကိုလည်း နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်စွာထုတ်လုပ်နိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ယုဇနဆီသန့် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ယုဇနကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးဌေးမြင့်တို့ ယုဇနစားအုန်းဆီသန့်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သံတမန်ကျွမ်းကျင်မှုသင်တန်းသားများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၅

အခြေခံနှင့်အဆင့်မြင့်သံတမန် ကျွမ်းကျင်မှုသင်တန်းသား သင်တန်းသူများ၏ နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှ၁၂နာရီအထိ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာဘုရားဝင်း ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ အပတ်စဉ်အားလုံးမှ သင်တန်းသား သင်တန်းသူများ ပါဝင်ကုသိုလ်ပြုကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုနိုင်ဝင်း ဖုန်း-၀၉-၉၉-၂၃၅၇၇သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ခြံစည်းရိုးကြက်ဆူပင်များ စီမံချက်ချစိုက်ပျိုးလျက်ရှိ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ များ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံချက်ပြည့်မီအောင်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ရွှင်းသာရပ်ကွက် ရွှင်းသာမြို့ပတ်လမ်း၌ကျင်းပသော သာကေတမြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခြံစည်းရိုးကြက်ဆူပျိုးပင်များကို လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများထံ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများသည် သတ်မှတ်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ၏ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၄)ရပ်ကွက်ရှိ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူ စံပြစိုက်ခင်းဧက ၁၀၀သို့ ရောက်ရှိကြရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထားမှု အခြေအနေနှင့် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးနေမှုများကို ရှင်းလင်းတင်ပြသည်။

စီမံချက်ပြည့်မီအောင်စိုက်ပျိုး

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခြံစည်းရိုးကြက်ဆူကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်ချ စိုက်ပျိုးလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် စီမံချက်ပြည့်မီအောင် စိုက်ပျိုးကြရေး မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့သည် ခြံစည်းရိုးကြက်ဆူ စံပြစိုက်ခင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ရှင်သန်ဖြစ်ထွန်းနေသော ကြက်ဆူပင်များကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုမှာ ၁၀၃ ဒသမ ၀၇ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

အင်္ဂလန်က အီကွေဒေါကိုနိုင်ပြီး ကွာတားဖိုင်နယ်တက်ပြီ

ရန်ကုန် ဇွန် ၂၅

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်(၃)အဖြစ် ယနေ့ည ၉နာရီခွဲက စတုဂတ်မြို့ Gottieb Damler Stadion အားကစားကွင်း၌ အင်္ဂလန်အသင်းနှင့် အီကွေဒေါအသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တိုက်စစ်အားနည်း

အင်္ဂလန်အသင်းသည် ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်သဖြင့် အီကွေဒေါအသင်း၏ ထိုးဖောက်မှုကိုပင် ခံခဲ့ရသည်။ ပထမပိုင်းတွင် အီကွေဒေါအသင်းမှ သေချာပေါက် တစ်ဂိုးရရှိနိုင်သည့် အခွင့်အရေး ရသော်လည်း ဂိုးဘားတန်းထိ ထွက်သွား၍ နစ်နာခဲ့ရသည်။ အင်္ဂလန် အသင်း ရှေ့တန်း၌ ရွန်နေ တစ်ဦးတည်းကိုသာ အထောင်ထားကစားရာ တိုက်စစ်အားနည်းခဲ့ရသည်။

အနိုင်ဂိုး

ဒုတိယပိုင်းတွင် အင်္ဂလန်အသင်း ကစားအားတင်ကစားလာ၍ အီကွေဒေါအသင်းကို အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၆၀ တွင် အလွတ်တည်ကန်ဘောမှ တစ်ဆင့် ဒေးဗစ်ဘက်ခမ်းက လှလှပပသွင်းယူပေးသည်။ အင်္ဂလန်အသင်းသည် ဦးဆောင်ဂိုး ရရှိပြီးနောက် ဂျိုကိုးလ်အစား ကာရေဂါ၊ ဘက်ခမ်းအစား လင်နွန်တို့ကို လူစားလဲကာ ချေပဂိုး မပေးရရေးအတွက် အဓိကထား ကစားသွားသည်။ အင်္ဂလန်အသင်းသည် ပွဲအပြီးတွင် တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားရာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

သူတို့ပါဝင်

အင်္ဂလန်အသင်းတွင် ရော်ဘင်ဆင်(ဂိုး)၊ ဂျိုကိုးလ် (ကာရေဂါ)၊ ရွန်နေ၊ ဘက်ခမ်း (လင်နွန်)၊ အက်ရှလေကိုးလ်၊ ဂျွန်တယ်ရီ၊ လမ်းပတ်၊ ဟားဂရေ့ဗ်၊ ဖာဒီနန်၊ ကားရစ်နှင့် ဂျရတ်(ဒေါင်းနင်း)တို့ ပါဝင်သွားကြသည်။ **(သတင်းမှတ်စု–ကိုထွေး)**

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ကိုးနှစ်မြောက်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေတည်ထောင်ခြင်း ကိုးနှစ်မြောက် အခမ်းအနားနှင့် ငွေကျပ်တစ်သိန်းနှင့်အထက်အလှူရှင်များအား ဂုဏ်ပြုပွဲကို ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရက ကြီးမှူး၍ ဇွန် ၂၇ ရက် မွန်းတည့် ၁၂နာရီတွင် ပန်းတစ်ပွင့်တောင်တောရ ဓမ္မသုခဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ယဉ်ကျေးမှုသင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၅၀တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီ၊ သင်တန်းတက်ရောက်သူ ကျောင်းသား ကျောင်းသူ ၃၆၀တို့အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀စီ ဖြင့်လည်းကောင်း၊ ဇွန် ၂၈ရက်မှ ၃၀အထိ ဖွင့်လှစ်မည့် တရားစခန်းသို့ အချိန်မီကြွရောက်ရန်နှင့် အရဏ်ဆွမ်း ငွေကျပ် ၁၅၀၀၀၀၊ နေ့ဆွမ်း ငွေကျပ် ၃၀၀၀၀၀ဖြင့် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဝေယျာဝစ္စအဖွဲ့ ဖုန်း– ၀၅၅–၂၀၂၅၉၊ ဦးအောင်မျိုး ဖုန်း–၀၉–၅၀၁၅၅၂၀၊ ၂၀၃၄၉၇နှင့် ဒေါ်တင်တင်ဝင်း ဖုန်း– ၆၄၀၁၈၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ ခုနှစ် ဇူလိုင်လ (၁)ရက်မှ (၂)ရက် ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း ရန်ကုန်မြို့။

အမှာစကားပြောကြား

ဇွန် ၂၅ရက်က မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စာရင်းစစ်ရုံး သင်တန်းကျောင်း ခန်းမတွင် ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သင်းသင်းက အဖွင့်အမှာ စကားပြောကြားစဉ်။ (မြန်မာ့အလင်း)

အီတလီအပြာရောင် ဩစတြေးလျအဝါရောင်ကို ဖုံးလွှမ်းသွားမှာလား ကစားအားကောင်းသည့်ဆွစ်ဇာလန်ကို ယူကရိန်း ထိန်းရခက်မည်

ရန်ကုန် ဇွန် ၂၅

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အိမ်ရှင်ဂျာမနီနှင့် အာဂျင်တီးနားတို့ ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်သွားကြပြီဖြစ်သည်။ ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် အီတလီနှင့် ဩစတြေးလျ၊ ဆွစ်ဇာလန်နှင့် ယူကရိန်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရှုံးထွက်ပွဲစဉ်(၅)

ဇွန် ၂၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၉ နာရီခွဲတွင် ကိုင်ဇာစတော့တန်မြို့ရှိ Fritz-Walter-Stsadion အားကစားကွင်း၌ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်(၅) အဖြစ် အီတလီအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နာမည်ကြီး အီတလီအသင်းနှင့် မျက်နှာသစ် ဩစတြေးလျအသင်းတို့၏ပွဲစဉ်မှာ ဥရောပနှင့် သမုဒ္ဒရာပိုင်းဒေသ ဘောလုံးအားပြိုင်မှုရသကို ပေးစွမ်းမည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

အီတလီအသင်းသည် အုပ်စု(င)၌ ပါဝင်ခဲ့ပြီး ဂါနာကို နှစ်ဂိုး–ဂိုးမရှိ၊ ချက်ကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး အမေရိကန်နှင့် တစ်ဂိုးစီသရေကျခဲ့သည်။ သုံးစွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမဆုရရှိပြီး ဒုတိယအဆင့်မှ လွယ်လွယ်ကူကူ ကျော်ဖြတ်ခဲ့ရခြင်းမဟုတ်ဘဲ အုပ်စုနောက်ဆုံးပွဲကစားပြီးမှ အုပ်စုတက်ရန် သေချာခဲ့ခြင်းဖြစ်သည်။ အီတလီအသင်းအတွက် ပီယာလို၊ အယ်ကွင်တာ၊ ဂီလာဒီနို၊ မာတာရာဇီနှင့် အင်ဇာဂီတို့က တစ်ဂိုးစီသွင်းယူခဲ့ကြရာ ဂိုးရနိုင်ရေးအတွက် တစ်ဦးတစ်ယောက်တည်းအပေါ်၌သာ မှုတည်မနေဘဲ ဂိုးရရှိမှု ထွေပြားသည်ကို တွေ့ရသည်။

အကောင်းဆုံးနောက်တန်း

အီတလီအသင်းက ပွဲဦးထွက်၌ ဂါနာအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိသွားသောအခါ အထူးတလည် အံ့သြခြင်းမဖြစ်ခဲ့ကြချေ။ ဂါနာအသင်းက ချက်နှင့် အမေရိကန်တို့ကို ငုတ်တုတ်မေ့အောင် လုပ်ပြလိုက်သောအခါမှ အီတလီ၏ခြေစွမ်းကို အသိအမှတ်ပြုခဲ့ကြခြင်းဖြစ်သည်။ ဥရောပ၏ အကောင်းဆုံး နောက်တန်းလူများ ပါဝင်နေသည်ဆိုသော အချက်နှင့်ပတ်သက်၍ အငြင်းပွားစရာအကြောင်းမရှိပေ။ အီတလီအသင်းသည် သုံးပွဲကစားရာတွင် တစ်ဂိုးသာပေးခဲ့ရသော်လည်း ပြိုင်ဘက်အသင်းမှ သွင်းယူနိုင်ခြင်းမဟုတ်ဘဲ အီတလီ နောက်တန်းလူ ဇက်ကာဒို ကိုယ်ပိုင်ဂိုး ကိုယ်သွင်းမိခြင်းဖြစ်သည်။ အမေရိကန်နှင့် တစ်ဂိုးစီသရေကျသောပွဲတွင် အီတလီအသင်း ခက်ခက်ခဲခဲယှဉ်ပြိုင်ခဲ့ရသည်။ ဂါနာနှင့်ပွဲတွင် ပွဲပန်းခဲ့ခြင်းနှင့် အမေရိကန်အသင်း၏ ခပ်ကြမ်းကြမ်းကစားမှုကြောင့် မရှုံးအောင်ကြိုးစားခဲ့ရသည်။ အမေရိကန်အသင်းမှ မက်ဘရိုက်ကို တံတောင်နှင့်တွက်ခဲ့သည့် အီတလီ အလယ်တန်းလူ ဒီရော့စီကို ဖီဖာက လေးပွဲပယ် ပြစ်ဒဏ်ချမှတ်လိုက်ပြီဖြစ်ရာ အီတလီအသင်း ဗိုလ်လုပွဲရောက်မှသာ ဒီရော့စီ ပြန်လည်ကစားခွင့်ရမည်ဖြစ်သည်။

အီတလီအသင်းမှ နောက်တန်းလူ နက်စတာသည် ချက်အသင်းအား နှစ်ဂိုးပြတ်အနိုင်ရသည့်ပွဲတွင် ပေါင်ခြံဒဏ်ရာရရှိခဲ့သောကြောင့် ယခုပွဲ ပါဝင်ကစားနိုင်ရန် မသေချာပေ။ အီတလီအသင်းနည်းပြ မာဆယ်လိုလစ်ပီသည် ယခု ကမ္ဘာ့ဖလားပွဲပြီးလျှင် အီတလီအသင်း နည်းပြရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နည်းပြ မာဆယ်လိုလစ်ပီအား စပိန် ရီးရဲမက်ဒရစ်က စိတ်ဝင်စားလျက်ရှိရာ အီတလီအသင်းမှ နုတ်ထွက်ခဲ့ပါက ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်နေသည်။ **အီတလီအသင်းသည် အုပ်စု နောက်ဆုံးပွဲ ချက်နှင့်မကစားခင်အထိ အုပ်စုတက်ရန် မရေမရာဖြစ်နေရာ နည်းပြလစ်ပီအပေါ် အီတလီမီဒီယာများက ဖိအားပေး ရေးသားခဲ့ကြသည်။ အီတလီအသင်း အုပ်စု ပထမနေရာရရှိခဲ့ရာ လက်ရှိချန်ပီယံ ဘရာဇီးအသင်းနှင့် ရှုံးထွက်အဆင့်၌ ရှောင်ရှားနိုင်ခဲ့သည်။**

ပျင်းစရာကောင်း

အီတလီအသင်းမှ ကစားသမားများသည် အီတလီ စီးရီးအေတွင် ကစားနေကြသူများဖြစ်ပြီး ပွဲအတွေ့အကြုံများကြသူများဖြစ်သည်။ အရန်အင်အားကောင်းပြီး ရှေ့၊ လယ်၊ နောက် ညီညွတ်မှုရှိသည်။ ယခင်နည်းပြဟောင်း ထရာပတ်တိုနီ လက်ထက်တွင် အီတလီအသင်း ခံကစားလွန်းသဖြင့် ပျင်းစရာကောင်းသည်ဟုပင် ဝေဖန်သူများရှိသည်။ လက်ရှိနည်းပြ မာဆယ်လိုလစ်ပီက တိုက်စစ်အားသန်ပြီး တိုက်စစ်မှူး ခြောက်ဦးအထိ ရွေးချယ်ခေါ်ယူခဲ့သည်။ ဒယ်ပီယာရို(ဂျူဗင်းတပ်စ်)၊ ဂီလာဒီနို(အေစီမီလန်)၊ အယ်ကွင်တာ (အူဒီးနီးစ်)၊ လူကာတိုနီ (ဖီအိုရင်တီးနား)နှင့် အင်ဇာဂီ(အေစီမီလန်)တို့ ပါဝင်လာကြရာ အားလုံး အတွေ့အကြုံရင့် တိုက်စစ်မှူးများဖြစ်ကြသည်။

အလယ်တန်း၌ ဒီရော့စီ မပါဝင်နိုင်လျှင် ကာမိုရာနီစီနှင့် ပါရော့တာတို့ကို သုံးနိုင်သည်။ နက်စတာ ဒဏ်ရာမသက်သာခဲ့လျှင် ဂရော့ဆို (ပါလာမို)ကို ပွဲထုတ်ဖွယ်ရှိသည်။ အီတလီအသင်း၌ ပြဿနာကြီးကြီးမားမားမရှိဘဲ နည်းပြ လစ်ပီက တော့တီနှင့် ဒီရော့စီတို့ကို စည်းကမ်းပိုင်းဆိုင်ရာ ဆွေးနွေးပြောကြားခဲ့ရမှုသာရှိသည်။ အီတလီ စီးရီးအေမှ ဂျူဗင်းတပ်စ်အသင်း အထွေထွေမန်နေဂျာ မော့ဂီ၏ လုပ်ပွဲအရှုပ်တော်ပုံမှာ ဂျူဗင်းတပ်စ်ကစားသမားများအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတော့ရှိသည်။ ဂျူဗင်းတပ်စ်အသင်းခေါင်းဆောင် ဒယ်ပီယာရိုက လက်ရှိ အီတလီ စီးရီးအေတွင် ဖြစ်ပေါ်နေသည့် ဘောလုံး အရှုပ်တော်ပုံကိစ္စကြောင့် ၎င်းတို့အသင်း ရရှိထားသော စကူဒက်တိုဖလားများ ဆုံးရှုံးနိုင်ဖွယ်မရှိဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဩစတြေးလျအသင်းသည် ဂျပန်ကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်၊ ခရိုအေးရှားကို နှစ်ဂိုးစီသရေကျပြီး ဘရာဇီးကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ဩစတြေးလျအသင်း ထူးခြားချက်မှာ အုပ်စုပွဲစဉ်များ၌ ဦးဆောင်ဂိုးများ ပေးရပြီးမှ နောက်မှ ချေပဂိုးများသွင်းယူကာ အမှတ်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျပန်နှင့်ပွဲတွင် တစ်ဂိုးရှုံးနေရာမှ ပွဲပြီးခါနီး ရှစ်မိနစ်အတွင်း သုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ခရိုအေးရှားနှင့်ပွဲတွင်လည်း ချေပဂိုးများလိုက်သွင်းပြီး အဖိုးတန်တစ်မှတ် ရရှိခဲ့ခြင်းဖြစ်သည်။ ခရိုအေးရှားအသင်းနှင့် မကစားမီတွင် တိုက်စစ်မှူးကီးဝဲလ်(လီဗာပူး) ပါဝင်ခွင့်ရရန် မသေချာမရေရာဖြစ်ခဲ့သေးသည်။ ဘရာဇီးအသင်းအား နှစ်ဂိုးပြတ်ရှုံးသည့်ပွဲတွင် ဂျာမနီ ဒိုင်လူကြီးမားကပ်မာ့အား စော်ကားပြောဆိုခဲ့၍ ဖီဖာ၏ အရေးယူခြင်းကို ခံရမည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဖီဖာက အရေးယူမှုမှ ကင်းလွတ်ခွင့်ပြုလိုက်သည်။ ခရိုအေးရှားနှင့်ပွဲတွင် ကီးဝဲလ် ချေပဂိုး နှစ်ဂိုး (တစ်ဂိုးပယ်နယ်တီ) သွင်းယူပေးခဲ့ပြီး အကောင်းဆုံးဆုရရှိခဲ့သည်။

ဩစတြေးလျအသင်း နည်းပြ ဟော်လန်လူမျိုး ဟင့်ဒစ်ကို ငွေမက်သူဟု ဝေဖန်သူများ ရှိသော်လည်း အောင်မြင်မှုရှိသည့် နည်းပြတစ်ဦးအဖြစ် လက်ခံရမည်ဖြစ်သည်။ ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ နှစ်ကြိမ်ဆက်တိုက် နည်းပြ ဟစ်ဒင့် တာဝန်ယူခဲ့သည့် ဟော်လန်နှင့် တောင်ကိုရီးယားတို့ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ကြရာ ဩစတြေးလျအသင်းကို အကြိုဗိုလ်လုပွဲသို့ ပို့ဆောင်ပေးနိုင်မည်လား စောင့်ကြည့်ရမည်ဖြစ်သည်။ နည်းပြ ဟစ်ဒင့်သည် ကမ္ဘာ့ဖလားပွဲပြီးလျှင် ဩစတြေးလျအသင်းမှ ထွက်ခွာပြီး ရုရှားအသင်းကို တာဝန်ယူ ကိုင်တွယ်မည်ဖြစ်သည်။ ဩစတြေးလျ နောက်တန်းလူ ခရိုတ်မိုးက နည်းပြဟစ်ဒင့်နေရာတွင် အရှိန်အဟုန်မပျက် အစားထိုးနိုင်ရန်အတွက် ကမ္ဘာ့အဆင့်မီ နည်းပြတစ်ဦး လိုအပ်ကြောင်း ပြောကြားခဲ့သည်။

လျှော့တွက်၍မရ

အီတလီအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၁၃)၊ ဩစတြေးလျအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၄၂)ဖြစ်သည်။ အီတလီနှင့် ဩစတြေးလျအသင်းတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ ဩစတြေးလျအသင်းမှ နောက်တန်းလူ ပိုပိုဗစ် ဒဏ်ရာကြောင့် မပါဝင်နိုင်ဘဲ ဘရက်အီမာတန်ကလည်း ပွဲပယ်ခံထားရသည်။ ဩစတြေးလျအသင်းသည် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်ရာ အောင်မြင်မှုပင်ဖြစ်သည်။ အုပ်စုတွင်း ယှဉ်ပြိုင်ခဲ့ရသည့် အသင်းများကလည်း အသင်းကောင်းများချည်းဖြစ်၍ ဩစတြေးလျတို့၏ခြေစွမ်းကို လျှော့တွက်၍ မရပေ။ အီတလီအသင်းသည် ခွန်အားသုံးကစား(Power Game) တတ်သည့် အသင်းများနှင့် ဆုံတွေ့လျှင် အနိုင်ရခဲ့သည်က များသည်။ ဩစတြေးလျ ရှေ့တန်းမှ ကီးဝဲလ်၊ ဗီဒူကာတို့ ခြေမမှန်တတ်၍ အားမရမိပါ။ အီတလီ တိုက်စစ်မှူးများက ဂိုးသွင်းစွမ်းရည် ပိုရှိသည်။ အပြာရောင်အီတလီတို့က အဝါရောင်ဩစတြေးလျတို့ကို ဖုံးလွှမ်းသွားပါလိမ့်မည်။ အီတလီအသင်း ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း အနိုင်ရမည်ဟု ထင်ပါသည်။

အီတလီအသင်းနှင့် ချက်အသင်းတို့ပွဲစဉ်တွင် အီတလီအသင်း အတွက် ဒုတိယဂိုးကို ဖိလစ်ပိုအင်ဇာဂီက ချက်ဂိုးသမား ပီတာဆက်ချ်ကို ကျော်ဖြတ်၍ ဤသို့ သွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ရှုံးထွက်ပွဲစဉ်(၆)

ဇွန် ၂၇ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ကိုလုံးမြို့ရှိ Rehin Energie Stadion အားကစားကွင်း၌ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်(၆)အဖြစ် ဆွစ်ဇာလန်အသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များ၌ ရှုံးပွဲမရှိခဲ့သော ဆွစ်ဇာလန်အသင်းနှင့် ခြေမမှန်သော ယူကရိန်းအသင်းတို့၏ပွဲစဉ်မှာ ဘောလုံးပါဝါ မကွာလှသော အသင်း နှစ်သင်းဆုံတွေ့ခြင်းဖြစ်၍ အဖြေထုတ်ရခက်သည့် ပုစ္ဆာတစ်ပုဒ် ဖြစ်နေသည်။

ဆွစ်ဇာလန်အသင်းသည် အုပ်စု(ဆ)၌ ပါဝင်ခဲ့ပြီး တိုဂိုကို နှစ်ဂိုး–ဂိုးမရှိ၊ တောင်ကိုရီးယားကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ပြင်သစ်နှင့် ဂိုးမရှိသရေကျခဲ့သည်။ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့ရာ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ ရင်ကော့၍တက်လာခြင်း ဖြစ်သည်။ ကမ္ဘာ့ဖလားပွဲမစမီက ဆွစ်ဇာလန်အသင်းကို အုပ်စုပထမ မပြောနှင့် အုပ်စုတက်နိုင်မည်ဟုပင် ယူဆသူနည်းပေလိမ့်မည်။ ပြင်သစ်ကို အုပ်စုပထမနေရာ မှန်းထားကြပြီး အုပ်စုဒုတိယနေရာကို ဆွစ်ဇာလန်၊ တောင်ကိုရီးယားနှင့် တိုဂိုတို့ လုရမည်ဟု ထင်ကြေးပေးခဲ့ကြသည်။ ဆွစ်ဇာလန်အသင်းသည် ပွဲဦး၌ ပြင်သစ်အသင်းကို ဂိုးမရှိသရေကစားလိုက်ရာ မျှော်လင့်ချက်ရှင်သန်လာခဲ့သည်။ အုပ်စုနောက်ဆုံး အဆုံးအဖြတ်ပွဲစဉ်၌ တောင်ကိုရီးယားနှင့် ကစားရသောအခါ သရေပင်ရနိုင်ပါ့မလား ထင်မှတ်ခဲ့ကြသည်။

ပေးဂိုး လုံးဝမရှိ

ဆွစ်ဇာလန်အသင်းက တောင်ကိုရီးယားကို အိမ်ပြန်ပို့လိုက်သောအခါမှ အားလုံးက အာရုံစိုက်ကြည့်လာကြသည်။ အုပ်စုဒုတိယအဆင့်၌လည်း ယူကရိန်းနှင့် ဆုံတွေ့ရပြန်သောအခါ ကွာတားဖိုင်နယ်တက်ရန် အလားအလာကောင်းနေပြန်သည်။ ဆွစ်ဇာလန်အသင်းသည် ပြိုင်ပွဲဝင်အသင်းများထဲတွင် ကစားအား အကောင်းဆုံး အသင်းအဖြစ် မှတ်ချက်ချခြင်းခံရသည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်လာသော ၁၆ သင်းထဲတွင် ပေးဂိုး လုံးဝမရှိသောအသင်းမှာ ဆွစ်ဇာလန်တစ်သင်းသာ ရှိသည်။ ဆွစ်ဇာလန်အသင်း နည်းပြ ကိုဘီခန်းက ဆွစ်ဇာလန်အသင်းသည် တစ်ပွဲထက်တစ်ပွဲ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ရာ ပြောသည့်အတိုင်း ဖြစ်နေသည်။ နည်းပြကိုဘီခန်းသည် တောင်ကိုရီးယားကို နှစ်ဂိုးပြတ် အနိုင်ရရှိပြီးနောက် စိတ်ဓာတ်တက်ကြွနေသည်။ ကိုဘီခန်းက "ဆွစ်ဇာလန်အသင်း ကွာတားဖိုင်နယ်သို့ တက်လှမ်းရန် မျှော်လင့်ထားကြောင်း၊ မိမိတို့အသင်းသားများ ယုံကြည်မှုအပြည့်အဝ ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့အသင်းကို ပြိုင်ဘက်အသင်းများက အလေးအနက်ထားစောင့်ကြည့်နေကြပြီ ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ယူကရိန်း

ယူကရိန်းအသင်းသည် အုပ်စု(ဇ)၌ပါဝင်ခဲ့ပြီး ဆော်ဒီအာရေဗျကို လေးဂိုး–ဂိုးမရှိ၊ တူနီးရှားကို တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး စပိန်ကို လေးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ဒုတိယအဆင့်သို့ တက်လှမ်းလာခြင်းဖြစ်သည်။ ယူကရိန်းအသင်းသည် ပွဲဦးထွက်၌ စပိန်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်သွားသောအခါ အားလုံး အံ့အားသင့်ခဲ့ကြရပြီး လျှော့တွက်ခြင်း ခံရလိုက်ရသည်။ သို့သော် ယူကရိန်းအသင်းသည် ဥရောပကလပ်များ၌ ခြေစွမ်းပြ ကစားနေသူများဖြင့် ဖွဲ့စည်းထားသည်ဖြစ်ရာ တစ်ခါလန်ရုံဖြင့် အပြီးထိုင်မသွားချေ။ စပိန်နှင့် ယူကရိန်းပွဲကို အစအဆုံးကြည့်ဖြစ်ခဲ့ရာ ယူကရိန်း ဂိုးပြတ်ရှုံးသော်လည်း အုပ်စုတက်နိုင်သည်ဟု တစ်ဦးတည်းကျိတ်၍ ယုံကြည်နေမိခဲ့သည်။

ယူကရိန်းအသင်းသည် ဒုတိယပွဲစဉ်၌ ဆော်ဒီအာရေဗျအသင်းကို ခြေစွမ်းပြကစားပြီး လေးဂိုးပြတ်အနိုင်ယူခဲ့သည်။ သို့သော်လည်း အုပ်စုနောက်ဆုံးပွဲ၌ တူနီးရှားကို တစ်ဂိုးဖြင့် ကပ်နိုင်ခဲ့ရာ ယူကရိန်းခြေစွမ်း ညံ့ပါသည်။ ကစားပုံလေးပြီး တိုက်စစ်မှူးများ အဆုံးသတ်ညံ့နေသည်။ ပယ်နယ်တီပြစ်ဒဏ်ဘောကို ရှက်ဗ်ချင်ကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်၍သာ အဖိုးတန် သုံးမှတ်ရရှိခဲ့ခြင်း ဖြစ်သည်။ ယူကရိန်းအသင်း၏ အုပ်စုတွင်း ပွဲစဉ်များအပေါ် အခြေခံသုံးသပ်ပါက ခြေမမှန်သောအသင်းဟု ဆိုနိုင်သည်။ သို့သော်လည်း ခြေစစ်ပွဲစဉ်များ၌ တူရကီ၊ ဒိန်းမတ်၊ ဂရိအသင်းများကို ကျော်ဖြတ်ပြီး အုပ်စုဗိုလ်ဖြင့် အစောဆုံး ခြေစစ်ပွဲ အောင်မြင်ခဲ့သည်ကို မှတ်မိနေကြဦးမည်ဆိုပါလျှင် ဘာမဆို လုပ်ပြနိုင်စွမ်းရှိသည်ကို လက်ခံရမည်ဖြစ်သည်။ **ယူကရိန်း တိုက်စစ်မှူး ရှက်ဗ်ချင်ကိုက ဂိုးသွင်းယူနိုင်ခဲ့ရာ "မိမိ ယူကရိန်း အသင်းအတွက် ပြန်လည်ကစားပေးနိုင်ချိန်တွင် ဂိုးသွင်းနိုင်၍ ဝမ်းမြောက်မိကြောင်း၊ နောက်ပွဲများ၌ဂိုးသွင်းယူသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။**

အသင်းလိုက်ကစားအား

ဆွစ်ဇာလန်အသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၃၅)၊ ယူကရိန်းအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၄၅)ဖြစ်သည်။ ဆွစ်ဇာလန်နှင့် ယူကရိန်းတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ ဆွစ်ဇာလန်အသင်း နောက်တန်းလူ ဆန်ဒရို့စ် (အာအင်နယ်) ဒဏ်ရာကြောင့် ယခုပွဲ ပါဝင်နိုင်မည်မဟုတ်။ နောက်တန်း အားနည်းနိုင်သည်။ ယူကရိန်းအသင်းမှ ရူးဆိုးလ်နှင့် စဗီဒါစကီးတို့ ပွဲပယ်ခံထားရသည်။ ယူကရိန်းရှေ့တန်းမှ ရှက်ဗ်ချင်ကို၊ ဗိုရိုနင်၊ ဗိုရိုဘီတို့ ခြေတွေ့လျှင် ဂိုးရရန်မခက်ပါ။ သို့သော် အသင်းလိုက်ကစားအားတွင် ဆွစ်ဇာလန်ကို ပိုအားရသည်။ ယူကရိန်းအသင်းသည် ကစားအားကောင်းပြီး မာကျောသည့် အသင်းများနှင့်ရင်ဆိုင်ရလျှင် ခြေစွမ်းပျောက်တတ်သည်။ အချိန်ပို ပယ်နယ်တီအထိ ရောက်သွားတာမျိုးလည်း ဖြစ်နိုင်သည်။ ကစားအားကောင်းပြီး ရစ်သမ်မှန်နေသည့် ဆွစ်ဇာလန်အသင်း အနိုင်ရမည်ဟု ထင်ပါကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ – ကိုဇော်

စနစ်တကျအုတ်စက်ရုံများတည်ဆောက်၍အုတ်များထုတ်လုပ်သွားမည် အရည်အသွေးကောင်းအုတ်များရရှိပြီးသစ်တောပြုန်းတီးမှုမှကာကွယ်

နေပြည်တော် ဇွန် ၂၅

အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးရီ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအေးမောက်နှင့် တာဝန်ရှိသူများနှင့် အတူ ဇွန် ၂၃ရက် နံနက်၇နာရီခွဲက မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာအုပ်စုအနီး မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ အကောင်အထည်ဖော်မည့် အုတ်စက်ရုံစီမံကိန်း (နေပြည်တော်)သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးသည် စီမံကိန်းမြေဧက ၈၀၀ခန့်ကို တည်နေရာပြမြေပုံဖြင့် တိုက်ဆိုင်စစ်ဆေးရာ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဤနေရာဒေသသည် မြေနီဖွယ်နှင့် မြေနက်စေးမြေအမျိုးအစားဖြစ်သည်နှင့်အညီ အုတ်ဖုတ်ရန် သင့်တော်သော မြေအမျိုးအစားဖြစ်ကြောင်းနှင့် ကုန်ထုတ်လမ်းများ ကောင်းမွန်သဖြင့် ထုတ်ကုန်ပစ္စည်းများဖြန့်ဖြူးရာ၌ လည်းကောင်း၊သယ်ယူရာ၌လည်းကောင်းလွယ်ကူမည်ဖြစ်ကြောင်း တင်ပြသည်။

တွေ့ဆုံ

ထို့နောက်ဝန်ကြီးသည် အုတ်စက်ရုံစီမံကိန်း (နေပြည်တော်)ယာယီမဏ္ဍပ်၌ ဌာနဆိုင်ရာများ၊ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ အုတ်လုပ်ငန်းရှင်များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံသည်။

အကောင်အထည်ဖော်သွားမည်

ဝန်ကြီးက နေပြည်တော် ဒေသတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အရည်အသွေးကောင်းသော အုတ်စက်ရုံများ တည်ဆောက်ရန်လာရခြင်းဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်မည့် နေရာများ စစ်ဆေးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းအောင်နှင့် ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းတို့က နယ်မြေဒေသအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပုဂ္ဂလိက အုတ်ဖုတ်လုပ်ငန်းများကြောင့် မလိုအပ်သော သစ်တောများ ပြုန်းတီးမှုများ ဖြစ်ရကြောင်း၊ နိုင်ငံတော်အနေဖြင့် စနစ်တကျ အုတ်စက်ရုံများ တည်ဆောက်၍ အုတ်များထုတ်လုပ်သွားခြင်းဖြင့် အရည်အသွေးကောင်းမွန်သည့် အုတ်များရရှိပြီး သစ်တောများပြုန်းတီးခြင်းမှ ကာကွယ်မှုကိုလည်းရရှိမှာဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ရာတွင်လယ်ယာမြေများကိုကွင်းရှောင်၍အမြန်ဆုံးအကောင်အထည်ဖော်သွားရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။

ပံ့ပိုးလှူဒါန်း

ထို့နောက် ဝန်ကြီးသည် ကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာ အလယ်တန်း ကျောင်းအတွက် ထောက်ပံ့ငွေများနှင့် ကျောင်းပြုပြင်ရန် ဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးလှူဒါန်းသည်။

နေပြည်တော်ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်အရည်အသွေးကောင်းမွန်သော အုတ်များရရှိရေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းသည်တစ်ရက်လျှင် အုတ်သုံးသိန်းစီထွက်ရှိမည့် အုတ်စက်ရုံနှစ်ရုံ တည်ဆောက်မည် ဖြစ်သည်။

သစ်တောပြုန်းတီးမှုကာကွယ်

နိုင်ငံတော်မှ အုတ်စက်ရုံများ တည်ဆောက် ထုတ်လုပ်ခြင်းဖြင့် အရည်အသွေးကောင်းသော အုတ်များ ရရှိမည့်အပြင် သစ်တောများပြုန်းတီးမှုမှ ကာကွယ်ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့်ဝန်ကြီးသည် မင်းကုန်းရွာအနီး မီးလောင်ကျွန်းသို့ရောက်ရှိကာအုတ်စက်ရုံတည်ဆောက်မည့် နေရာအား မြေပုံဖြင့် တိုက်ဆိုင် စစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ဘုရားကုန်း ကျေးရွာရှိ ငါးရက်တစ်ဈေး ရောင်းချမှုအခြေအနေများကို ကြည့်ရှုသည်။ ဝန်ကြီးသည် လယ်ဝေးမြို့နယ် ရန်ကုန်–မန္တလေး ကားလမ်းမကြီး၏ အနောက်တောင်ဘက် ပြောင်ခေါင်းကြီးအုပ်စုသို့ ရောက်ရှိပြီး ဧက၈၀၀ရှိ အုတ်မြေ ကုန်ကြမ်း တည်ရာမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တောင်ပေါ်နှင့် တောင်အောက်ရှိမြေများကို စမ်းသပ်သွားရေး၊ ကုန်ထုတ်လမ်း ဖောက်လုပ်သွားရေးမှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် တပ်ကုန်းမြို့နယ် ရွာသစ်ကုန်းနှင့် ပြုတ်ခွဲသွားကားလမ်းဘေး၊ ခေတ်အေးကျေးရွာအနီးရှိ အုတ်စက်ရုံတည်မည့် စီမံကိန်းနေရာသို့ ရောက်ရှိပြီး စီမံကိန်းဝန်းကျင်ကို မြေပုံဖြင့် တိုက်ဆိုင် စစ်ဆေးပြီးလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပျဉ်းမနားမြို့နယ် ဘုရားကုန်းကျေးရွာတွင် ဈေးရောင်းချမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု–၁)

ယင်းနောက် ပုဂ္ဂလိက အုတ်ဖုတ်လုပ်ငန်းများကို ကြည့်ရှုသည်။

ဝန်ကြီးသည်ညနေ၃နာရီတွင် နေပြည်တော် အဆောက်အအုံ အမှတ်(၃၇)ရှိ အမှတ်(၁)စက်မှု ဝန်ကြီးဌာနဝင်းအတွင်း စိမ်းလန်းစိုပြည်မှုအတွက် အရာထမ်း အမှုထမ်းများ၏ သစ်ပင်စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ရုံးပတ်ဝန်းကျင်၌ စိုက်ပျိုးထားသည့်အရိပ်ရပင်၊ အလှပင်များ၊ ရာသီပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ရုံးပတ်ဝန်းကျင်အတွင်း ဆည်ငယ်များ တည်ဆောက်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါ့သရောက်ရေလှောင်တမံနှင့်လျှပ်စစ်မြစ်ရေတင်စီမံကိန်း မိုးနည်းရေရှားဒေသရေရရှိရေးစီမံဆောင်ရွက်ပေးနိုင် ဒေသ၏လူမှုစီးပွားရေးလုပ်ငန်းများဘက်စုံဖွံ့ဖြိုးလာမည်

နေပြည်တော် ဇွန် ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန်၁၈ရက် နံနက် ၈နာရီက မန္တလေးတိုင်း ညောင်ဦးခရိုင်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ငါ့သရောက်ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ဆောင်ရွက်ပြီးစီးသော ပင်မတမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်လုပ်ငန်းများကို ဒီဇိုင်းပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် ဝန်ကြီးက ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုမှာကြားပြီး တည်ဆောက်ပြီးစီးနေပြီဖြစ်သော ရေပိုလွှဲကိုလည်းကောင်း၊ ပင်မတမံနှင့် ရေထုတ်ပြွန်၊ ရေပေးတူးမြောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဘက်စုံဖွံ့ဖြိုးလာမည်

ငါ့သရောက် ရေလှောင်တမံသည် တမံအလျား ပေ၇၅၅၀၊ တမံအမြင့် ၆၄ ပေရှိပြီး ကန်ရေပြည့် ရေပြင်ကျယ်မှာ ဧရိယာ၃၄၆ပေ ရှိသည်။

ငါ့သရောက်ရေလှောင်တမံနှင့် ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတို့သည် ရေသောက် ဧရိယာဆက်စပ်လျက်ရှိပြီး မိုးနည်းရေရှားဒေသ၌ ရေရရှိရေးကို စီမံဆောင်ရွက်ပေးနိုင်သဖြင့်ဒေသ၏ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရှိရသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဆက်လက်၍ဝန်ကြီးသည်ရေလှောင်တမံ ဧရိယာနှင့် ဆက်စပ်နေသည့် ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်များ၏ ရေပေး တူးမြောင်းများ၊ ရေတင်အဆင့်အမှတ်(၂)နှင့် ရေပေးဝေမှုတို့ကို လည်းကောင်း၊ ပင်မရေတင်စခန်းနှင့်ရေတင်အဆင့် အမှတ်(၂) ကြားတွင် စိုက်ပျိုး ဖြစ်ထွန်းလျက်ရှိသော ရိတ်သိမ်းတော့မည့် နှမ်းစပါး စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုပြီး**(ဝပုံ)**တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပန်းတိုင်အထွက်နှုန်းရရှိအောင် နည်းပညာ၊ မျိုးစနစ်တကျ ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးသည် ငါ့သရောက်လျှပ်စစ်မြစ်ရေတင် ပင်မရေတင်စခန်းနှင့် လျှပ်စစ်ဓာတ်အားထိန်းချုပ်စက်ရုံကို လည်းကောင်း၊ ဧရာဝတီမြစ်အတွင်းရှိ ရေပေါ်ရေတင်စက်ရုံကိုလည်းကောင်းကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးသည် ညောင်ဦးခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲ အသုံးပြုရေး၊ လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာအသုံးပြုရေးကိစ္စများကိုဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် လက်ပန်ခြေပေါ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းဧရိယာ၌ စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါ စိုက်ခင်းများနှင့် ငွေချည်မျိုးသန့်ဝါမျိုးများ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်တို့ကို ကြည့်ရှုသည်။

ခြံစည်းရိုးကြက်ဆူပင်

ထို့နောက် ဝန်ကြီးသည် ညောင်ဦးမြို့နယ်၌ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူ စိုက်ခင်း ၁၀ဧကတစ်ကွင်း တစ်စပ်ကို ကြည့်ရှုကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် မဏ္ဍလာကံယုံကျောင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၂၅

ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်း သာသနလင်္ကာရ ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော် အမှူးပြုသော စာသင်စာချ သံဃာတော်တို့အား ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ အလှူရှင်များနှင့် ရန်ကုန်မြို့ရောက် မောင်တောမြို့နယ်သူမြို့နယ်သားများ ကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၅၂)

ဇွန် ၁၉ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်(၁၆၈)ရပ်ကွက်၌ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲကိုကျင်းပရာရပ်ကွက်ဥက္ကဋ္ဌဦးတင့်ဆွေနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၆–၆–၂၀၀၆ရက်
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၀ ၅။ အကပဒေသာ
၁၇း၁၀ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၁၅ ၇။ မြန်မာစာ မြန်မာစကား
၁၇း၂၅ ၈။ မြန်မာ့ရိုးရာတောလေ့ ကျေးလက်တေးသံများ
၁၇း၃၅ ၉။ **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇း၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၁၈း၅၅ ၁၄။ ဖွံ့ဖြိုးသာယာ ကပိုင်စံပြကျေးရွာ
၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း–၃)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လုလု"** (အပိုင်း–၅)

ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်ဂေါက်အသင်း (တည်ငြိမ်ကုန်း) တွင် ဇွန် ၂၄ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကစားဖော်များဖြစ်သော ဦးကျော်ခင်၊ ဦးလှရှိန်၊ ဦးမြင့်စိုး၊ ဦးတက်တိုးနှင့် အတူ ဂေါက်သီးရိုက်ကစားရာ ဦးတင်သိန်းသည် ကျင်းအမှတ်(၄)မှ Precept-33 ဘောလုံးအား Iron-7 Hawk Missal တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က–ပ)**

ကြည့်ရှုအားပေး

ဇွန် ၂၄ ရက်က လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက် ခြစည်းရိုးကြက်ဆူပင် ၁၀၅၀ စိုက်ပျိုးပွဲကို ရပ်ကွက်စိုက်ခင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးနှင့် အဖွဲ့ ကြည့်ရှုအားပေးကြစဉ်။ (က–ပ)

ခေတ္တရာအသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၅

ခေတ္တရာအသင်း (ရန်ကုန်) ၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက် ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ပြည်ခရိုင်အသင်းသူ အသင်းသားများ မိသားစုနှင့်တကွ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း–၅၀၃၆၆၇၊ ဦးဘိုနီ ဖုန်း–၇၀၉၀၄၅၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် (ငြိမ်း) ဖုန်း–၅၂၆၃၄၃၊ ဦးဝင်းမော် ဖုန်း–၂၄၂၁၃၈နှင့် ဒေါ်ဥမ္မာသန်း ဖုန်း–၂၄၉၀၉၂ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆–၆–၂၀၀၆

International Day Against Drug Abuse and Illicit Trafficking
26-6-2006

မူးယစ်ဒုက္ခ မပေါ့ဆနှင့်
DRUGS ARE NOT CHILD'S PLAY

မူးယစ်ကင်းစင် အလှဆင်

* မူးယစ်သင်းပင်း ဘိန်းဘင်းကဇော်
လှော်စာအရက် စီးပွားပျက်မှာ
ရှောင်ကြဥ်ရာ၏ ဘာသာလူမှု
ယဉ်ကျေးမှုစဉ်လာ ရှေးမြန်မာတို့
လိုက်နာဖယ်ရှား ထောက်အထားများ
ထင်ရှားခိုင်တည် ရှိခဲ့သည်။

* နယ်ချဲ့ဆိုးမွေ ရခဲ့လေသည့်
ဒို့မြေစိမ်းမြ မြန်ပြည်လှတွင်
ဘိန်းပင်မူးယစ် အမြစ်ပြတ်အောင်
တပ်မတော်သား ပြည်သူများတို့
စွမ်းအားပေါင်းကူ "တရုတ်ဖြူကူမင်တန်"
မြေလှန်မြစ်ဖြုတ် တိုက်ထုတ်ခဲ့သည်
ပြည်အရေးမို့ တွဲလက်ညီ။

* "မိုးဟိန်း""ငရဲပန်း" "တောင်ထိပ်ပန်း"မှ
အစပြုကာ "ဘာကျန်" "မုံးကျွတ်"
စွန့်လွှတ်သက်ပေး မူးယစ်ဝေးအောင်
တစ်ပြည်ထောင်ဖွား ညီနောင်သားတို့
အားသစ်အင်သစ် တွေးမြင်သစ်နှင့်
"ပန်းတိုင်သစ်"စီမံကိန်း ဘိန်းပင် ဘိန်းစေ့
စိုက်ဝလေ့ကို လက်တွေ့မြေလှန်
သီးနှံစားထိုး ဝင်ငွေတိုးအောင်
စွမ်းဆောင်ဖွင့်လှစ် ကဏ္ဍသစ်ဖြင့်
"မူးယစ်ကင်းဝေး နှစ်ထောင့်တစ်ဆယ့်လေး"ဟု
ရှေးရှုဦးတည် ဆောင်ရွက်မည်။

* သမိုင်းတစ်ခေတ် ဒို့ဖွင့်လှစ်ခဲ့
မူးယစ်ကင်းစင် အလှဆင်ပြီး
ပြည်ခွင်ငြိမ်းအေး စီးပွားရေးတိုး
မနေးဖြိုးကြွယ် မျိုးနွယ်နောင်ရှင်း
သွေးချင်းတို့ရွာ ဝေဖြိုးသာသည်
ကာရန်ညီညီ ချိုတေးသီ။ ။

("အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့"ကိုဂုဏ်ပြုလျက်–)

မိုးရန်နိုင်(ကျောက်ကြီး)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာ တိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ယာဉ်အန္တရာယ်ကင်းဝေးစေလို

စာတည်းခင်ဗျား–

မှော်ဘီမြို့အတွင်းဖြတ်သော ရန်ကုန်–ပြည် အဝေးပြေးလမ်းမကြီးပေါ်ရှိ စုပေါင်းရုံးကွေ့၊ အထက(၁)မှော်ဘီကျောင်းရှေ့ကွေ့နှင့် လေတပ်ကွေ့စသည့် ကွေ့ကြီးများတွင် ယာဉ်အန္တရာယ် မကြာခဏ ဖြစ်ပွားလေ့ရှိပါသည်။

ထိုကွေ့ကြီးများတွင် အချက်ပြမီးများ၊ ခေတ်မီလမ်းအမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များ ထပ်မံဖြည့်တင်း တပ်ဆင်ပေးနိုင်ပါက ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် အထောက်အကူဖြစ်နိုင်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ **အန္တရာယ်ကင်းလိုသူ**

ကျောက်ကြီးမြို့လယ်တံတား ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ပဲခူးတိုင်း ကျောက်ကြီးမြို့တွင် ကျောက်ကြီးချောင်းအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ ကျေးရွာများကို ဆက်သွယ်ထားသည့် မြို့လယ်တံတားတွင် ကတ္တရာကြမ်းခင်းများသည် ကျိုးပေါက်ပျက်စီးလျက်ရှိပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျောက်ကြီးသား**

နှင်းပုလဲကျေးရွာက ဗီဒီယိုရုံလုပ်ပုံ

စာတည်းခင်ဗျား–

မွန်ပြည်နယ် ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာကွက်သစ်(၁)လမ်းတွင် ဗီဒီယိုနှင့်ကာရာအိုကေ ရုံတစ်ရုံ ရှိပါသည်။ ၎င်းရုံတွင် ကာရာအိုကေ သီဆိုသူများသည် နားမခံသာအောင် နေ့စဉ် အော်ဟစ်သီဆိုခြင်း၊ ၎င်းဗီဒီယိုပြစက်မှာလည်း ညနေ ၆နာရီမှ ည ၁၁ နာရီထိ နေ့စဉ် ကျယ်လောင်စွာဖွင့်လှစ်ပြသခြင်းများကြောင့် ရပ်ကွက်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

ထို့ကြောင့် အဆိုပါ ဗီဒီယိုပြသခြင်းနှင့် ကာရာအိုကေ သီဆိုခြင်းအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ဘီးလင်းသား**

စမ်းချောင်းလမ်းရေမြောင်း အမှိုက်များပိတ်ဆို့နေ

စာတည်းရှင်–

စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အိမ်ရှေ့ရေမြောင်းနှင့် နောက်ဖေးလမ်းကြားရေမြောင်းများတွင် အမှိုက်များနှင့် ရွှံ့ညွန်များ ပိတ်ဆို့လျက်ရှိပြီး မိုးရွာသောအခါ ရေမြောင်းများမှ ရေများလျှံကာ အနီးပတ်ဝန်းကျင်ရှိ နေအိမ်များအတွင်းသို့ နစ်စဉ်ဝင်ရောက်နေပါသဖြင့် ၎င်းရေမြောင်းများအား သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **စမ်းချောင်းသူ**

သပြေကုန်းရပ်ကွက်တွင် လျှပ်စစ်မီတာများတပ်ဆင်ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်းတွင် လျှပ်စစ်မီတာများတပ်ဆင်ပေးလျက်ရှိနေရာ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ပုသိမ်ညွန့်ကူးတို့ဆိပ်၊ ဖို့မြေရပ်ကွက်၊ ရေတွင်းကုန်းရပ်ကွက်များတွင် လျှပ်စစ်မီတာများ တပ်ဆင်ပေးသကဲ့သို့ သပြေကုန်းရပ်ကွက်သို့လာရောက်တပ်ဆင်ပေးပါရန်ပန်ကြားအပ်ပါသည်။ **မီတာလိုလားသူ**

စည်းကမ်းမဲ့ဆိုင်ကယ်များ အရေးယူပေးပါ

စာတည်းခင်ဗျား–

မကွေးတိုင်း တောင်တွင်းကြီးမြို့တွင် အသက်မပြည့်သေးသည့် လူငယ် မောင်မယ်များ ဆိုင်ကယ်စီးခြင်း၊ လိုင်စင်မဲ့ ဆိုင်ကယ်များစီးခြင်းနှင့် စည်းကမ်းမဲ့မဆင်မခြင် အရှိန်ပြင်းစွာ စီးခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိပါသည်။

၁၄–၄–၂၀၀၆ ရက်နေ့ မွန်းလွဲ ၃ နာရီခန့်က တောင်တွင်းကြီး–ပြည်ကား လမ်း မကြီးဘေးရှိ တောင်တွင်းကြီး နွားပွဲဈေးဝင်း အတွင်း ရောင်းချသည့် ဦးဌေးဝင်း စားသောက်ဆိုင်တစ်ဆိုင်တွင် ထမင်းစားနေသည့် တောင်သူဦးကြီး နှစ်ဦးအား ဆိုင်ကယ်တစ်စီးက အရှိန်ပြင်းစွာဝင်ရောက်၍ တိုက်မိသဖြင့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပါသည်။

ထို့ကြောင့် ဆိုင်ကယ်များ ယာဉ်စည်းကမ်းနှင့် အညီ မောင်းနှင်နိုင်ရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **တောင်တွင်းသား**

စာဝေရာတွင် သတ်မှတ်နှုန်း ကောက်ခံစေချင်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် စာတိုက်မှ ဝန်ထမ်းအချို့သည် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝ ရပ်ကွက်သို့ စာများဝေရာတွင် စာတစ်စောင် ကျပ်နှစ်ရာ ကောက်ခံလျက်ရှိသည့်အပြင် စာအိတ်များကိုလည်း ဖောက်ဖတ်ထားတတ်ပါသည်။ စာပို့ခ၊အမြန်ချောပို့ခ၊ ပါဆယ်ပို့ခများကိုလည်း ပိုမိုကောက်ခံလျက်ရှိရာ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **စမ်းကြီးဝသား**

စည်ဘီယာစားသောက်ဆိုင်ကြောင့် ပတ်ဝန်းကျင်နားမခံနိုင်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးဒေါင့်ကန်လမ်း မင်းရဲကျော်စွာခုံးတံတားအနီးရှိ စည်ဘီယာစားသောက်ဆိုင်မှ ညစဉ်ကျယ်လောင်စွာ ဆူညံနေ၍ ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။ သို့ပါ၍ အဆိုပါဆိုင်အား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူတစ်ဦး**

ဖိနပ်အလုပ်ရုံမီးဘေးစိုးရိမ်ရနှင့်ပတ်သက်၍ရှင်းလင်းပြီး

၈–၅–၂၀၀၆ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်ပြေ ၃လမ်းရှိ ဖိနပ်အလုပ်ရုံမီးဘေးအန္တရာယ် စိုးရိမ်နေရ ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

အိမ်ရှင်ဂျာမနီနှင့် ခြေစွမ်းပြ အာဂျင်တီးနားဆုံပြီ ဇွန် ၃၀ ရက်၌ ကွာတားဖိုင်နယ်အဆင့် ယှဉ်ပြိုင်ကြမည်

မြူးနစ် ဇွန် ၂၅

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ၁၆ သင်းရှုံးထွက်ပြိုင်ပွဲများကို ဇွန် ၂၄ရက်ညပိုင်းက ယှဉ်ပြိုင်ကစားရာ အိမ်ရှင် ဂျာမနီအသင်းက ဆွီဒင်အသင်းကို ပွဲချိန် ၁၂မိနစ်အတွင်း နှစ်ဂိုးစောစီးစွာ သွင်းယူပြီး ကွာတားဖိုင်နယ်သို့ ရောက်ရှိလာသည်။

တင်ပြသူ
မြင့်မောင်စိုး

ကွာတားဖိုင်နယ်တက်

ထို့အတူ အာဂျင်တီးနားအသင်းက မက္ကဆီကိုအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

သွင်းယူ

ဂျာမနီနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဂျာမနီအသင်းအတွက် နှစ်ဂိုးစလုံးကို ပိုဒေါလ်စကီးက ပွဲချိန်လေးမိနစ်တွင်လည်းကောင်း၊ ၁၂ မိနစ်တွင်လည်းကောင်း သွင်းယူပေးခဲ့သည်။ ပွဲချိန် လေးမိနစ်တွင် ပိုဒေါလ်စကီးက သွင်းယူရာ ဆွီဒင်ဂိုးသမားအီဆက်ဆွန် ပုတ်ထုတ်သော်လည်း ဘောလုံးနှင့် လွဲချော်သွားကာ ဂိုးဝင်သွားခဲ့သည်။ ပွဲချိန် ၁၂ မိနစ်တွင် ကလိုဆေး ဖြတ်ပို့လိုက်သော ဘောလုံးကို ပိုဒေါလ်စကီးကပင်သွင်းယူခဲ့ပြန်သည်။

ပယ်နယ်တီကန်ခွင့်

ဆွီဒင်မှ တက်ဒီလူးစစ်သည် ပွဲချိန် ၃၅မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ယင်းနောက် ဆွီဒင်တို့ ကံကောင်းထောက်မစွာ ပယ်နယ်တီကန်ခွင့်ရသော်လည်း လာဆင်ကန်သည့် ယင်းပယ်နယ်တီဘောမှာ ဂိုးဘားတန်းပေါ်တက်သွားခဲ့သည်။

ဖွဲဆော်ဦးဂိုး

မိုက်ကယ်ဘောလက်သည် ကလိုဆေးအား အဖွင့်ဂိုးသွင်းခွင့် ဖန်တီးပေးခဲ့သော်လည်း ဆွီဒင်ဂိုးသမားက ခြေဦးနေ၍ ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။ သို့ရာတွင် ပိုဒေါလ်စကီးက လူးစစ်ခေါင်းတိုက်ချပေးသည့် ဘောလုံးမှ တစ်ဆင့် ဖွဲဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။

အကောင်းဆုံးကစားနိုင်

ဆွီဒင်တိုက်စစ်မှူး လာဆင်သည် ရှစ်မိနစ်အတွင်း ချေပဂိုးသွင်းခွင့်ကြုံရာ ပယ်နယ်တီဧရိယာအတွင်းမှ ကန်သွင်းမှုမှာ ဘေးထွက်ဘော ဖြစ်သွားရသည်။ ဟီဘရာဟီမိုဗစ်ကန်သွင်းသည့် ဘောလုံးမှာလည်း တိုင်ထိ ပြန်ထွက်လာသည်။ ဆွီဒင်အသင်းသည် ထိုနေ့က ပြိုင်ပွဲတွင် ရှုံးနိမ့်သော်လည်း အကောင်းဆုံး ကစားနိုင်ခဲ့သည်။

အာဂျင်တီးနားအသင်းနှင့်မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အာဂျင်တီးနားမှ ဟာနန်ခရက်စပိုက ဤသို့ဂိုးသွင်းယူခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

မိုက်ကယ်ဘောလက်၏ ကိုက် ၂၀အကွာမှ အမှတ်မထင် ကန်ချက်များကိုလည်း ဆွီဒင်ဂိုးသမား အီဆက်ဆွန် ကာကွယ်ပေးနိုင်ခဲ့သည်။ ဆွီဒင်အသင်းသည် ယခုအဆင့်မှ ဒုတိယအကြိမ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ငါးကြိမ်ရှိ

ဂျာမနီအသင်းသည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် လေးပွဲဆက်တိုက် အနိုင် ရရှိခဲ့ပြီးဖြစ်သည်။ ဂျာမနီတို့ ထိုအဆင့်ကို အောင်နိုင်ခြင်းမှာ ၁၉၅၄ ခုနှစ်နှင့် ၁၉၆၂ခုနှစ်အတွင်း ငါးကြိမ်ရှိခဲ့သည်။ ယင်းတို့သည် ၁၉၃၈ခုနှစ်မှလွဲ၍ ကမ္ဘာ့လားပွဲတိုင်းတွင် နောက်ဆုံးရှစ်သင်းပြိုင်ပွဲသို့ ရောက်ရှိခဲ့သည်။

ဂျာမနီအသင်းသည် ဇွန် ၃၀ရက်တွင် အာဂျင်တီးနားအသင်းနှင့် ကွာတားဖိုင်နယ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အနိုင်ဂိုးသွင်းယူ

နံနက် တစ်နာရီခွဲပွဲအဖြစ် အာဂျင်တီးနားအသင်းနှင့် မက္ကဆီကိုအသင်းတို့ယှဉ်ပြိုင်ကစားရာတွင် ပထမပိုင်းပွဲစပြီး ၁၀မိနစ်အတွင်း တစ်ဖက်တစ်ဂိုးစီအပြန်အလှန် သွင်းယူခဲ့ကြသည်။ သို့သော်လည်း အနိုင်ဂိုးကို မိနစ် ၉၀အထိ နှစ်သင်းစလုံးမသွင်းနိုင်ဘဲရှိသည်။ အချိန်ပို ပထမပိုင်း ၈မိနစ်တွင် ရိုဒရီကွက်ဇ်က အာဂျင်တီးနားအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ယှဉ်ပြိုင်မှုအနေအထား

ထူးခြားသည်မှာမက္ကဆီကိုအသင်းမှ ရာဖေးလ်မားကွက်ဇ်သည် မာရီယိုမန်းဒက်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ပွဲစပြီး ငါးမိနစ်အတွင်း ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်၏ ထိုးဖောက်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သို့ရာတွင် ယင်းဂိုးသွင်းပြီးငါးမိနစ်အကြာတွင် ခရက်စပိုက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ရိုဒရီကွက်ဇ်သည် အာဂျင်တီးနားအသင်းအား ကွာတားဖိုင်နယ်သို့ ဆိုရင် ဖြတ်ပို့လိုက်သော ဘောလုံးမှတစ်ဆင့် အနိုင်ဂိုးသွင်းပြီး ပို့ပေးလိုက်ခြင်းဖြစ်သည်။ အာဂျင်တီးနားနှင့် အိမ်ရှင် ဂျာမနီအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ဇွန် ၃၀ရက် ည ၉နာရီခွဲတွင် ကြည့်ရှုရမည်ဖြစ်သည်။ အသင်းနှစ်သင်း၏ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုတွင်း ယှဉ်ပြိုင်မှု အနေအထားကို ဖော်ပြလိုက်ပါသည်။ ။

အိမ်ရှင်ဂျာမနီအသင်း

ဂျာမနီ	၄ – ၂	ကော့စတာရီကာ
ဂျာမနီ	၁ – ၀	ပိုလန်
အီကွေဒေါ	၀ – ၃	ဂျာမနီ
ဂျာမနီ	၂ – ၀	ဆွီဒင်

အာဂျင်တီးနားအသင်း

အာဂျင်တီးနား	၂ – ၁	အိုင်ဗရီကို့စ်
အာဂျင်တီးနား	၆ – ၀	ဆားဘီးယား
နယ်သာလန်	၀ – ၀	အာဂျင်တီးနား
အာဂျင်တီးနား	၂ – ၁	မက္ကဆီကို

(အင်တာနက်)

ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်များ၏ နောက်ဆုံးသတင်းများ

စုစည်းတင်ဆက်သူ
မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၂၅

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ဆက်လက် ကျင်းပလျက်ရှိရာ ယနေ့ကစားကြမည့် ရှုံးထွက်ပွဲစဉ်များနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ခြေထောက်ဒဏ်ရာရရှိသွားသော အီတလီနောက်ခံလူ နက်စတာ။ (ဓာတ်ပုံ–အင်တာနက်)

ယနေ့ပွဲ၌ အလက်ဆန်ဒရိုနက်စတာ မပါဝင်နိုင်

ယနေ့ကစားမည့် ဩစတြေးလျနှင့်ရှုံးထွက်ပွဲစဉ်တွင် အီတလီနောက်တန်း ကစားသမားနက်စတာ ခြေထောက်ဒဏ်ရာရရှိနေမှုကြောင့် မပါနိုင်ကြောင်း အီတလီအသင်းနည်းပြက ပြောကြားသည်။

နက်စတာသည် ချက်အသင်းနှင့် ကစားခဲ့သည့်ပွဲ၌ ခြေထောက်ဒဏ်ရာ ထပ်မံရရှိခဲ့ရာ ဒဏ်ရာမသက်သာသဖြင့် ယနေ့ကစားမည့် ဩစတြေးလျနှင့်ပွဲစဉ်တွင် ထည့်သွင်းကစားနိုင်မှုမရှိကြောင်း အီတလီအသင်း တာဝန်ရှိသူများက ပြောကြားသည်။

ယနေ့ပွဲ၌ ရော့စီလည်း မပါဝင်နိုင်

ယနေ့ကစားမည့် ဩစတြေးလျနှင့်ပွဲတွင် အီတလီကစားသမား ရော့စီလည်း ပွဲပယ်ပြစ်ဒဏ်ခံထားရသဖြင့် မပါဝင်နိုင်ကြောင်း သိရသည်။ ရော့စီသည် အနီကတ်ပြအထုတ်ခံရသော ဘောလုံးသမားတစ်ဦးဖြစ်ရာ ယခုပွဲအပါအဝင် ကွာတားနှင့် ဆီမီးဖိုင်နယ်ပွဲများအထိ မပါဝင်နိုင်တော့ကြောင်း သိရသည်။

ဩစတြေးလျတို့ ယခုထက် ကစားအားမြှင့်ရမည်ဟု နည်းပြဂူဟစ်ဒင့် ပြောကြား

ယနေ့ကစားရမည့် အီတလီနှင့်ပွဲသည် ပွဲကျပ်တစ်ခုဖြစ်သည်ကို မိမိသိကြောင်း၊ ကစားသမားအားလုံး အားထည့်ကာ တိုက်စစ်ဖွင့်ကစားရန် ပြောကြားထားပြီးဖြစ်ကြောင်း ဩစတြေးလျနည်းပြ ဂူဟစ်ဒင့်က ပြောကြားလိုက်သည်။

ဩစတြေးလျ
နည်းပြ



ဩစတြေးလျအသင်း နည်းပြ ဂူဟစ်ဒင့်။
(ဓာတ်ပုံ–အင်တာနက်)

ယနေ့ ကစားမည့်ပွဲတွင် ကီးဝဲလ်ကို အချိန်ပြည့် ထည့်သွင်းကစားရန် ဂူဟစ်ဒင့် စဉ်းစားနေပြီး ဗီဒူကာကို အခွင့်အရေးရအောင် ပြုလုပ်ရမည်ကို မိမိသေသေချာချာ မှာထားကြောင်းလည်း ၎င်းက ပြောကြားသည်။

ရက်ဗ်ချင်ကို၏ ဂိုးသွင်းစွမ်းရည်ကိုတွေ့ရမည်

ယနေ့ကစားမည့် ဆွစ်ဇာလန်နှင့်ပွဲတွင် မိမိဂိုးသွင်းနိုင်မည်ဟု ယုံကြည်နေကြောင်း၊ မိမိ၏ ဂိုးသွင်းစွမ်းရည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း ယူကရိန်း တိုက်စစ်မှူး ရက်ဗ်ချင်ကိုက ပြောကြားလိုက်သည်။

ယူကရိန်း
နည်းပြ

ယူကရိန်းအသင်း နည်းပြ အိုလက်ဘလော့ကင်။
(ဓာတ်ပုံ–အင်တာနက်)

ယူကရိန်းအသင်းအနေဖြင့် ၁၆သင်း အဆင့်ထိရောက်ရှိအောင် ကြိုးစားခဲ့ရာတွင် ရက်ဗ်ချင်ကို အဓိကစွမ်းဆောင်ပေးခဲ့ပြီး ယူကရိန်းအတွက် နှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ယူကရိန်းအသင်း မိမိသွင်းဂိုးများဖြင့် နောက်တစ်ဆင့်တက်နိုင်ရန် ကြိုးစားသွားမည်ဟုလည်း ၎င်းက ပြောကြားသည်။

ဆွစ်ဇာလန် နောက်ခံလူဆန်ဒရို့စ် ယနေ့ပွဲ၌ ပါဝင်နိုင်ဖွယ်

တောင်ကိုရီးယားအသင်းနှင့် ကစားခဲ့သည့်ပွဲ၌ မျက်နှာနှင့်ပခုံးတို့တွင် ဒဏ်ရာရရှိခဲ့ပြီး ကစားချိန် ၅၃မိနစ်တွင် လူစားလဲခဲ့ရသော ဆွစ်ဇာလန်နောက်ခံလူ ဆန်ဒရို့စ်သည် ယနေ့ ယူကရိန်းနှင့်ကစားမည့်ပွဲ၌ ပါဝင် ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆန်ဒရို့စ်၏ဒဏ်ရာမှာ သက်သာလျက်ရှိကြောင်း၊ ယနေ့ပွဲပါဝင်ကစားရန် ရာနှုန်း ၅၀ရှိကြောင်း၊ ကစားလျှင် ခွင့်ပြုနိုင်ကြောင်း ဆွစ်ဇာလန်အသင်းဆရာဝန် ရူဒေါ့ဖ်ရိုဒါက ပြောကြားလိုက်သည်။ သို့ရာတွင် ဆွစ်ဇာလန်နည်းပြ ကိုဘီခန်းက ထည့်သွင်းသင့် မသင့်ကို ချိန်ဆလျက်ရှိသည်။

- **ယူကရိန်းအသင်း ကွာတား တက်မည်ဟု ယူကရိန်းနည်းပြ အိုလက်ဘလော့ကင် ယုံကြည်နေ။**
- **ရိုဒရီဂွက်ဇ်ဂိုးကြောင့် အာဂျင်တီးနား ကွာတားတက်ခဲ့ဟု အာဂျင်တီးနား နည်းပြ ဟိုဆေးပီကာမင် ပြောကြား။**
- **ယခုအချိန်၌ ကွာတားဖိုင်နယ်ရောက်ရေးကိုသာ ရည်မှန်းချက်ထားကြောင်း ဆွစ်ဇာလန်နည်းပြ ကိုဘီခန်း ပြောကြား။**

မျက်နှာနှင့် ပခုံးတို့တွင် ဒဏ်ရာရရှိသွားသော ဆွစ်ဇာလန်နောက်ခံလူ ဆန်ဒရို့စ်။
(ဓာတ်ပုံ–အင်တာနက်)



ပန်းတနော် ချောင်းကလေးကျေးရွာအထကကျောင်း(ခွဲ)ကျောင်းဆောင်သစ်ဖွင့် ဝတ်စုံ၊ဗလာစာအုပ်နှင့်သင်ကြားမှုအထောက်အကူပြုကွန်ပျူတာလှူဒါန်း ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်းကျောက်ချောလမ်းပြီးစီး၍ ရာသီမရွေးသွားနိုင်

ရန်ကုန် ဇွန် ၂၅

ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ချောင်းကလေး-သိမ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ရက်နံနက်ပိုင်းကကျင်းပသည်။ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူနှင့် ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ချောင်းကလေး-သိမ်ကုန်း အထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦး၊ အလှူရှင်များကိုယ်စား အလှူရှင် ပန်းတနော်မြို့ ဖိုးလမင်းကုမ္ပဏီမှ ဦးကျင်ငြိမ်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၎င်းနောက် ချောင်းကလေး-သိမ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုခဲ့သည်။

လက်ခံရယူ

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနကိုယ်စား အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူက ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများအား အလှူရှင်များကိုယ်စား အလှူရှင် ပန်းတနော်မြို့ ဖိုးလမင်းကုမ္ပဏီမှ ဦးကျင်ငြိမ်းနှင့် ဦးငြိမ်းမြိုင်တို့ကလွှဲပြောင်းပေးအပ်ရာ ပညာရေးဝန်ကြီးဌာနကိုယ်စား မြို့နယ်ပညာရေးမှူး ဦးမင်းနိုင်က လက်ခံရယူသည်။

ဝတ်စုံနှင့်စာအုပ်

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် သင်ကြားမှု အထောက်အကူပြုကွန်ပျူတာတစ်စုံ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များအား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့က ပေးအပ်လှူဒါန်းရာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးခင်လှိုင်က လက်ခံရယူသည်။

၎င်းနောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော စာသင်ခုံ၊ ထိုင်ခုံများအား တိုင်းအသင်းအတွင်းရေးမှူး ဦးသန်းထွန်းက ပန်းတနော်မြို့နယ် သုံးခွကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် စာသင်ခုံ၊ ထိုင်ခုံ ၃၃စုံနှင့် ဆုတောင်းပြည့်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများအတွက် စာသင်ခုံ၊ ထိုင်ခုံအစုံ ၃၀အား ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက လက်ခံရယူသည်။

ကျေးဇူးတင်စကား

၎င်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှဝင်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့် ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ကျေးလက် ပညာရေးကဏ္ဍမြင့်မားရေးအတွက် ကူညီဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အသင်းဝင်များနှင့် ကျေးလက်ပြည်သူများမှ ဒေသလိုအပ်ချက်များအား တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

၎င်းနောက် ကျောင်းကုန်း မြို့နယ် ကညင်သုံးဆင့် မူလတန်းလွန်ကျောင်းအတွက် စာသင်ခုံနှင့် ထိုင်ခုံအစုံ၃၀နှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံး ဗလာစာအုပ်များအား တိုင်းအသင်းအတွင်းရေးမှူး ဦးသန်းထွန်းက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းလက်ခံရယူပြီး ကညင်ကုန်း အခြေခံပညာမူလတန်းကျောင်း၊ ငှက်ရိုးကျောင်းနှင့် ကြိုးကြာချောင် အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံနှင့် ထိုင်ခုံအစုံများအား တိုင်းအသင်း အလုပ်အမှုဆောင်များနှင့် ပုသိမ်ခရိုင် အသင်းအတွင်းရေးမှူးတို့က အသီးသီး ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူသည်။

ကျောက်ချောလမ်းသစ်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဖောက်လုပ်ပြီးစီးသည့် ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ကျောက်ချောလမ်းသစ်အား ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းနှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်း ကျေးလက် ကျောက်ချောလမ်းမှာ အရှည် ၁၂မိုင် ၁ ဖာလုံရှိပြီး မြေသားလမ်းအား ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ ၆မိုင် ၆ဖာလုံအား အဖွဲ့ရန်ပုံငွေ၊ စည်ပင်သာယာရေးဦးစီးဌာန ထောက်ပံ့ငွေတို့ဖြင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသော လိပ်ပုတ်ကျေးရွာမှ တကူဆိပ်ကျေးရွာထိ ၅မိုင် ၃ဖာလုံအား တံတားလေးစင်းအပါအဝင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးဦးစီးဌာန ထောက်ပံ့ငွေကျပ် ၄၄၃ ဒသမ ၃၀ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းပြီးစီးသွားသည့် အတွက် အိမ်မဲ-ဒါးကလမ်း လမ်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်း ရာသီမရွေးသွားလာနိုင်ပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ၃၂ရွာ၊ အိမ်ခြေ၂၀၄၀၊အိမ်ထောင်စု၂၂၁၃စု၊ လူဦးရေ ၁၄၇၃၃ဦးတို့အတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း သိရှိရသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အိမ်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ တိုင်း၊ ခရိုင်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲအခမ်းအနားနှင့်ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တိုင်းအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ သင်ကြားမှုအထောက်အကူပြု စာသင်ခုံ၊ ထိုင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဖွံ့ဖြိုးရေး

ထို့နောက် တိုင်းအသင်း အလုပ်အမှုဆောင် ဒေါ်ခင်စောမူက တိုင်းအသင်း၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။

စာသင်ခုံ

၎င်းနောက် တိုင်းအသင်း အတွင်းရေးမှူးနှင့် တိုင်းအသင်း အလုပ်အမှုဆောင်များ၊ မြောင်းမြခရိုင်အသင်း အတွင်းရေးမှူးတို့က အိမ်မဲမြို့နယ်အတွင်းရှိ ဂယက်ကြီး၊ လှည်းဆိပ်ခြံကုန်း၊ ဇရပ်ဆိပ်၊ ပရိုက်၊ တာကုန်းနှင့် ကျင်သက် အခြေခံပညာမူလတန်းကျောင်းများသို့ သင်ကြားမှုအထောက်အကူပြု စာသင်ခုံနှင့် ထိုင်ခုံအစုံများကို အသီးသီးပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူကြသည်။

မွေးနေ့ဆုတောင်း

၂၆-၆-၂၀၀၆ရက်တွင်ကျရောက်သည့် တစ်ဦးတည်းသော ချစ်သားလေး **အဂ္ဂါအေးမင်း(ပေါက်စီလုံး)** ၏ (၁)နှစ်မြောက်မွေးနေ့မှစ၍ ဘဝတစ်လျှောက်လုံး ထူးချွန်ထက်မြက်ပြီး အရာရာကို တတ်သိနားလည်သော သားကောင်းရတနာလေး ဖြစ်နိုင်ပါစေ။

ဘိုးဘိုး – ဦးအေးမင်း၊ ဘွားဘွား-ဒေါ်လှလှဝင်း
ဖေဖေ – ဦးဥက္ကာအေးမင်း၊ မေမေ-ဒေါ်မြတ်သွယ်ထွန်း
တီတီလေး – မနန္ဒာအေးမင်း LVMT Business School (ခေတ္တ-U.K)
မြရည်နန္ဒာရတနာမိသားစု၊ အမှတ် ၃၃၊ ၈၇လမ်း။

ဆန်စက်အင်ဂျင်ရောင်းမည်
Man Love
၁၁ လက်မ၊ ပစ္စည်းစုံ၊
အနာအဆာမရှိ။
လင်ပန်း၊ စတုတ်ရှည်
(England) လုပ်
၀၄၂-၂၂၃၉၈၊
၀၁-၅၇၁၈၆၁၊
၀၁-၅၂၆၅၄၅။

PRIME
Language Centre
- Spoken English
- Grammar & Vocabulary
- Reading & Writing
- IELTS, GCE, TOEFL
- SAT, GMAT, GRE
- English Major
- MBA / MPA

ကျောက်တန်းမြို့နယ် ဇေယျာပူရ ပရိယတ္တိစာသင်တိုက်၌ မြို့နယ်မင်္ဂလာတရားတော်နှင့် အဘိဓမ္မာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့၏(၄)ကြိမ်မြောက် မင်္ဂလာနှင့်အဘိဓမ္မာဆုနှင်းပွဲကို ဇွန် ၁၈ရက်ကကျင်းပရာ ရန်ကုန်မြို့ ဝိုင်အမ်ဘီအေအသင်းကြီး စည်းရုံးရေးဆု ဆက်ကပ်ခြင်းခံရသော ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိအား ဝိုင်အမ်ဘီအေအသင်းအတွင်းရေးမှူး ဦးစိန်သန်းနှင့်ဇနီး ဒေါ်သန်းသန်းနု မိသားစုတို့က ပရိက္ခရာအစုံနှင့် နဝကမ္မလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၃၅၂)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၅

အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်)ရပ်ကွက် ပေါ်တော်မူကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၁၃၃)တွင် ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့်ဓမ္မကထိက ပေါက်တောကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒဝံသ(ဓမ္မာစရိယ)သည် တရားစခန်းဝင်ယောဂီများအား ဇူလိုင်၁၂ရက်မှ ၁၈ရက်အထိ ပဋိစ္စသမုပ္ပာဒ်တရားဒေသနာတော်များကို ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားချီးမြှင့်မည်ဖြစ်သည်။

တရားစခန်းဝင် ယောဂီများသည် ဝေယျာဝစ္စအလှူငွေကျပ် ၂၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ကြို့ကုန်း(အနောက်)ရပ်ကွက် ခဝဲခြံ ၂လမ်း မိုးကုတ်ဓမ္မရိပ်သာ ပေါ်တော်မူကျောင်းတိုက်သို့ ဇူလိုင်၁၁ရက် ညနေ၅နာရီခွဲတွင် မိမိတို့ အသုံးအဆောင်ပစ္စည်းများနှင့်အတူ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**



မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေးနှင့်ခြင်အန္တရာယ်ကာကွယ်ရေးအတွက် မော်ဘီမြို့မဈေးကြီးရှေ့ ရေနုတ်မြောင်းများဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းကို ဇွန် ၁၆ရက်က ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးနှင့် အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မော်တော်ယာဉ်မသုံးစွဲရနေ့ ကြပ်မတ်စစ်ဆေး

ရန်ကုန် ဇွန် ၂၅

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းနောင်၊ အတွင်းရေးမှူး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများသည် အဖွဲ့ဝင်များနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့တွင် ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြပ်မတ်ကြသည်။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေး အဖွဲ့ဝင်များသည် နံနက်၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းများဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)၊ ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုတို့ကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို မိုးရာသီ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

လှိုင်လင် ဇွန် ၁၅

ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူး၍ ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဇွန်၁၀ရက် နံနက်ပိုင်းက လှိုင်လင်ခရိုင် လှိုင်လင်မြို့ မြို့အဝင်ဂေါက်ကွင်းအနီးတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် အဖွဲ့တို့က တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းငွေဌေးတို့ ဦးဆောင်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား၇၀၀ကျော်တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စိုက်ပျိုးပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များတည်တံ့ရေး ရှင်းလင်းဆွေးနွေး

တောင်ကြီး ဇွန် ၁၉

တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်သည် ဇွန်၁၄ရက်က တောင်ကြီးမြို့နယ် ရွှေညောင်လူငယ်ခေတ်မီစာကြည့်တိုက်၊ဆည်လဲရွာ ဘဝသစ်အလင်းရောင်စာကြည့်တိုက်၊စဉ့်ဟာယ်ရွာ စာကြည့်တိုက်နှင့် အမှတ်(၃)ရပ်ကွက် လက်ဆင့်ကမ်းစာကြည့်တိုက် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည် တည်တံ့ရေးအတွက် ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများသို့ စာအုပ်၅၀စီ ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၃)ရက်
၂၇-၆-၂၀၀၆(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (မြန်မာ့သမိုင်းထဲက သေနင်္ဂဗျူဟာ စစ်သုံးအနုပညာ-ညွှန့်ဟံ-ကြူတော)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (သညာနှင့် ပညာ-မောင်ရဲလူ)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (နားလည်ခွင့်လွှတ်မှာပါ ရတနာ)
၁၂း၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (စာရေးဆရာမကြီး ဒေါ်စောမုံညင်းနှင့် တွေ့ဆုံဆွေးနွေးခန်း)

ညနေပိုင်း

၁၆း၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) ချစ်သောမြေမှ ချစ်သူများသို့
(၂) တေးဆုပန်ခြွေ
(၃) တစ်နေ့တစ်လံ
၁၆း၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အလွယ်တကူ ကိုယ်အလေးချိန်လျှော့နည်းနည်း-ဒေါက်တာထွေး-ဆေး/မန်း)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၂၅ ကျေးလက်ဇာတ်လမ်း(နှစ်ကိုယ်နီးဖို့ရာ)
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (လမ်းလျှောက်မည်)
၂၀း၃၀ ကလေးများအတွက် ပုံပြင် (ခိုကလေးကူလူ)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) စမ်းရေအိုင်ကလေးဖြစ်နေပြီ
(၂) ချစ်လိုက်ရတာ တစ်ယောက်တည်းအစ်ကို
(၃) အချစ်ဆိုတာမေ့ဖို့မဟုတ်ပါ

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် ၂၅၀၀၀ ကို အဖွဲ့ပိုင် မြေလွတ်တွင် ဇွန် ၃ရက်က စိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးစိုးမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အုတ်တွင်းမြို့ ပြည်သူ့အားမာန် ကျောင်းလမ်းဖွင့်

အုတ်တွင်း ဇွန် ၁၂

အုတ်တွင်းမြို့ ကသစ်တန်းရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သော ပြည်သူ့အားမာန် အမက ကျောင်းလမ်း ဖွင့်ပွဲအခမ်းအနားကို မေ၁၈ရက်နံနက်ပိုင်းက အဆိုပါလမ်း ထိပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်ခင်အုံးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ယာပုံ)

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး ကသစ်တန်းရပ်ကွက် ဥက္ကဋ္ဌ ဦးဌေးအောင်က လမ်းဖြစ်မြောက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၅၀၀၊ အမြင့်သုံးပေ၊အကျယ်၁၀ပေရှိပြီး ရပ်ကွက်ပြည်သူများလုပ်အားဖြင့်စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၃၁၆)**

ဆင်ဘို မြို့မဈေး၌ အလေးချိန်ခွင်စစ်ဆေး

ဆင်ဘို ဇွန် ၁၀

ကချင်ပြည်နယ် ဆင်ဘိုမြို့တွင် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးနေလင်းနှင့် ဝန်ထမ်းများသည် ဇွန်၆ရက်ကမြို့မဈေးအတွင်း အသားငါးရောင်းချသော ဈေးသည်များအား အလေးချိန်ခွင် ကိုက်ညီမှု ရှိမရှိကို ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။ **(ပြည်နယ် စည်ပင်)**

ဟင်္သာတအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၅

ဟင်္သာတအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲများကို ဇူလိုင်၂ရက်တွင် ရန်ကုန်မြို့ အသင်းတိုက်၌ မြောက်ဥက္ကလာ သဒ္ဓမ္မဝါစီ ကျောင်းတိုက်သံဃာတော်များအား ပင့်ဖိတ်၍ လည်းကောင်း၊ ဇူလိုင် ၅ရက်တွင် ဟင်္သာတမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပင့်ဖိတ်၍ လည်းကောင်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

အသင်းဝင်များ၊ ဟင်္သာတသူ ဟင်္သာတသားများ သင်္ကန်းနှင့် ဝတ္ထုအလှူငွေများကို ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်အေး ဖုန်း-၆၅၀၇၂၈၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဦးတင်ရှိန် ဖုန်း-၅၀၂၃၀၃၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈၊ ၂၅၃၁၁၀၊ဒေါ်ညွှန့်ညွှန့် ဖုန်း-၂၄၅၃၉၅ နှင့် ဟင်္သာတမြို့တွင် ဦးအောင်နိုင် ဖုန်း-၂၁၆၄၁နှင့် ဦးအေးထွန်း ဖုန်း-၂၂၂၅၅ လိုင်းခွဲ (၂၃၄) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးစပါးနှင့် သီးနှံစုံစီမံကိန်း တာဝန်ပေးအပ်

မင်းဘူး ဇွန် ၁၂

မင်းဘူး(စကု)မြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးနှင့် သီးနှံစုံစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၈ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက မိုးစပါးနှင့်သီးနှံစုံစီမံကိန်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်မြင့်က ရပ်ကွက်/ကျေးရွာဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများအား မိုးစပါးနှင့် သီးနှံစုံစီမံကိန်းတာဝန်များပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

အုတ်ဖိုမြို့နယ်အတွင်း သန့်ရှင်းလတ်ဆတ်ပြီးဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များရောင်းချရေးအတွက် မေ ၂၇ ရက်က မြို့မဈေးအတွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (အခွန်) ဦးစန်းလွင်၊ မြို့နယ်ဆရာဝန် ဒေါက်တာ ဒေါ်နော်တင်နှင့် တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။ (၀၇၄)

ဆေးလိပ်နှင့် ကျန်းမာရေး ပညာပေးဟောပြော ကဝမြို့၌ အထူးကုဆရာဝန်များ ဆေးကုသပေး

ကဝ ဇွန် ၁၀

ပဲခူးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကဝမြို့နယ် အုန်းနဲ့ကျေးရွာအုပ်စုသို့ ဇွန်၃ရက် နံနက်၈နာရီက ရောက်ရှိပြီး အုန်းနဲ့တိုက်နယ် ဆေးရုံခန်းမတွင် ကုသမှုအခမ်းအနားကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ပဲခူးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဒေါ်ခင်နန်းတင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်မောင်စိန်က ဆေးလိပ်နှင့်ကျန်းမာရေး၊ လူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်းကောင်း၊ ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်စုက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောပြီး ပဲခူးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နန်းတင့်၊ ကဝမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်တို့က အထူးကုဆရာဝန်များ ဆေးကုသမှုများကို ကြည့်ရှုကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ပစ္စည်းမှန်၊ဈေးနှုန်းမှန်ရောင်းချပေးနေသော
သမ္မတ နိဗ္ဗာန်ကုန်ဆိုင်ကြီး
မန္တလေးလက်ရာစစ်စစ်၊မန္တလေးဈေးနှုန်းဖြင့် လက်လီ/လက်ကားဝယ်ယူနိုင်ကြပါပြီ။
ကြေး/ကျောက်ဆင်းတုတော်အမျိုးမျိုး
ဘုရားပလ္လင်နှင့်တရားဟောပလ္လင်မျိုးစုံ
အမှတ်-၁၅၆၊ရွှေဂုံတိုင်လမ်းမကြီး၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၅၄၃၂၈၊၂၅၄၃၂၀၆၊၀၉၆၆-၂၄၃၆၃

ဝိနည်းတော်နှင့်အညီချုပ်လုပ်သော
သမ္မတ ဝါဆိုသင်္ကန်းများ
ပစ္စည်းမှန်၊ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကားဝယ်ယူနိုင်ကြပါပြီ။
အမှတ်-၁၁၀၊အခန်း-၂၃ဘီ၊ရေတာရှည်လမ်းသေးငယ်
အမှတ်-၁၅၆၊ရွှေဂုံတိုင်လမ်းမကြီး၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၅၄၃၂၈၈၊ ၅၄၃၂၈၆၊ ၃၈၀၅၇၃၊ ၅၅၈၃၇၃

မေတ္တာရှင်ဆေးရုံကြီးကြပ်မှုကော်မတီလုပ်ငန်းညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ချက်နှင့် လက်ရှိဆေးရုံလုပ်ငန်းများ ရှင်းလင်းတင်ပြ

မန္တလေး ဇွန် ၁၇

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ထားသော မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ မေတ္တာရှင်ဆေးရုံကြီးကြပ်မှုကော်မတီ၏ (၂/၂၀၀၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၁၃ရက် မွန်းလွဲ၁နာရီက အဆိုပါဆေးရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် မေတ္တာရှင်ဆေးရုံကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး**(ဝဲပုံ)** မေတ္တာရှင်ဆေးရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မမက (၁/၂၀၀၆)အစည်းအဝေးဆုံးဖြတ်ချက်နှင့် လက်ရှိဆေးရုံ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဒေါက်တာဒေါ်သီရိအောင်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါက်တာဦးဝင်းကိုတို့က ဝင်ငွေ၊ထွက်ငွေ စာရင်းရှင်းတမ်းကိုလည်းကောင်း၊ စာရင်းစစ် ဒေါ်ခင်အေးမြင့်က စာရင်းစစ်တွေ့ရှိချက် အစီရင်ခံစာကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြောကြား

ထို့နောက် မေတ္တာရှင် ဆေးရုံကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်ပြုံးဝင်းက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(တိုင်းမိခင်/ကလေး)**

တာချီလိတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး၊ ထပ်ဆင့် ရှင်းလင်း

တာချီလိတ် ဇွန် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဇွန်၂ရက် နံနက်၁၁နာရီက ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သူသူမင်းစံ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်အေးကြည်၊ အတွင်းရေးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ရပ်ကွက်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သူသူမင်းစံက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ယာပုံ)** ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်က အဖွဲ့၏ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်စည်းကမ်းထိန်းသိမ်းရေးပညာပေးဟောပြောပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဇွန် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၁၃ရက် နံနက်၉နာရီက ကျိုင်းတုံမြို့နယ်စည်ပင်သာယာခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ယာယီတွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်လွင်က အမှာစကားပြောကြားသည်။(အောက်ပုံ)

အခမ်းအနားတွင် တွဲဖက်ပြည်နယ် ဥပဒေအရာရှိ၊ တွဲဖက်ပြည်နယ်တရားသူကြီး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံတို့က မော်တော်ယာဉ် ထိခိုက်မှုများနှင့်ပတ်သက်၍ ဥပဒေပိုင်းဆိုင်ရာ၊ တရားစီရင်ရေးပိုင်းဆိုင်ရာနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ အငှားဆိုင်ကယ်အသင်း၊ သုံးဘီး(ဆမ်လော့)အသင်းနှင့် မော်တော်ယာဉ်အသင်းများမှ တာဝန်ရှိသူများနှင့် အသင်းသားများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၅

ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေးဂေဟာ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယက အဓိဋ္ဌာန်အောင် မြန်အောင်သမ္ဗုဒ္ဓေ သာသနာပြု ဆရာတော်ဘဒ္ဒန္တပုညဝန္တ(ဓမ္မာစရိယ) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇသည် မြန်အောင်သမ္ဗုဒ္ဓေစေတီရံဗုဒ္ဓ(၁၀၈)ဆူ၊ ဓမ္မ(၁၀၈)ဆူ၊ သံဃာ့(၁၀၈)ဆူတို့နှင့် နဂါးရုံဘုရားအလှူရှင်များ၊ ပိုင်အမ်ဘီအေအသင်းအမှုဆောင်များနှင့် မြန်အောင်နယ်ဖွားတပည့်ဒကာများတို့၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဂုဏ်ပြုလွှာချီးမြှင့် ရေစက်ချပွဲကို ၁၃၆၈ခု၊ ဝါဆိုလဆန်း၈ရက်၊ (ဇူလိုင်၂ရက်) မွန်းလွဲ၁နာရီတွင် မြန်အောင်သမ္ဗုဒ္ဓေ ရန်ကုန်အကျိုးတော်ဆောင် ဗိုလ်ချုပ်ဈေး(စိန်ရွှေဖူးရတနာရွှေဆိုင်) (ဦးလှဝင်းနိုင်)-ဒေါ်တင်တင်ခိုင် မိသားစုတို့၏ အမှတ် -၁၂၉၊ ၂၄လမ်း သိမ်ကြီးဈေးနောက် (ပ)ထပ်တွင် ချီးမြှင့်မည်ဖြစ်ရာ မြန်အောင်သမ္ဗုဒ္ဓေဘုရား အလှူရှင်များ၊ နဂါးရုံဘုရား အလှူရှင်များ၊ ဝါဆိုသင်္ကန်းအလှူရှင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၃ ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းတွင် ပေါင်းရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

မြို့နယ်သတင်းများ

တစ်ချက်တည်းကျင်းဝင်

လားရှိုး ဇွန် ၂၅

ဦးထွန်းအေး(ကုန်သည်)သည် လားရှိုးဂေါက်ကလပ်၌ ဇွန် ၂ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂)သို့ ၁၅၅ကိုက်အကွာမှ Tour Special 3 ဘောလုံးအား Ping Pitching Wedge တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးသိန်းမြင့် (ဒီဂရီကောလိပ်)၊ဦးဘခင်(သစ်စက်ပိုင်)၊ ဦးအောင်နိုင်ကြီး(ကုန်သည်)၊ ဦးရစ်ချက်(ကားလုပ်ငန်း)တို့နှင့် အတူကစားခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၂၃၂၅ ဦး ရောက်ရှိဝယ်ယူ

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာဝင်းအတွင်းရှိ ခန်းမဆောင်၌ ကျင်းပစဉ်။

(သတင်းစဉ်)



ရန်ကုန် ဇွန် ၂၅

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲသို့ ဇွန် ၂၀ ရက်မှ ယနေ့ညနေ ၄ နာရီအထိ ပြည်ပနိုင်ငံ ကိုးနိုင်ငံ၊ ကုမ္ပဏီ ၃၈၈ ခုမှ ရတနာကုန်သည် ၁၄၃၉ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၇၆ ခုမှ နိုင်ငံသား ရတနာကုန်သည် ၈၈၆ ဦး စုစုပေါင်း ပြည်တွင်းပြည်ပရတနာကုန်သည်ပေါင်း ၂၃၂၅ ဦး ရောက်ရှိနေကြပြီး ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

တင်ဒါစနစ်

အထူးရတနာရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာဝင်းအတွင်းရှိ ခန်းမဆောင်၌ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချရာ ညနေ ၄ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၆၀၂ တွဲကို ယူရိုငွေဖြင့် ရောင်းချရသည်။

အထူးကျောက်စိမ်းအတွဲများ ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၈၆၂ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ပြသည့်အနက် ယမန်နေ့နှင့် ယနေ့ညနေအထိ ကျောက်စိမ်းအတွဲ ၇၈၂ တွဲကို ရောင်းချခဲ့ပြီး ကျန်ရှိသောအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် ကျောက်စိမ်းအတွဲ ၃၅၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဇူလိုင် ၄ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် ယနေ့ (ဇွန် ၂၆ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်နှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ကစားမည့် အီတလီနှင့် ဩစတြေးလျ၊ ဆွစ်ဇာလန်နှင့် ယူကရိန်းတို့ပွဲစဉ်များနှင့် ပတ်သက်သည့်အမြင်များကို ဆက်သွယ်မေးမြန်း ဖော်ပြလိုက်ပါသည်။

ဆရာမောင်ရဲဝင်း

(သတင်းစာဆရာနှင့် ဝါရင့်အားကစားကလောင်ရှင်)

- **အီတလီနဲ့ ဩစတြေးလျပွဲမှာ အီတလီခြေသာတယ်။ အသင်းလိုက်ကစားအားရှိတယ်။ အီတလီထက်စာရင်း ဩစတြေးလျ ခြေနိမ့်တယ်။ ဒါပေမယ့် ဩစတြေးလျက ကြိုးစားမှုရှိတယ်။ အီတလီနိုင်ခြေများတယ်။**
- **ဆွစ်ဇာလန်နဲ့ ယူကရိန်းပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပဲ၊ နှစ်သင်းစလုံးခြေမကွာတော့ အကြိတ်အနယ်ရှိကြမယ်။ သရေပွဲဖြစ်ပြီး အချိန်ပိုကစားရတဲ့အထိ ဖြစ်သွားနိုင်တယ်။**

မြင့်ဆွေမြင့်(သတင်းစာဆရာနှင့်အားကစားကလောင်ရှင်)

- **အီတလီနဲ့ ဩစတြေးလျပွဲစဉ်မှာ အီတလီတို့က တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားကောင်းတယ်။ ခြေစွမ်းထက်တဲ့ ဘောလုံးသမားတွေ အများကြီးပါတယ်။ ဩစတြေးလျနဲ့ ကစားပုံမတူဘူး၊ ဩစတြေးလျအသင်း အီတလီကို သိပ်မလွယ်ဘူး၊ ဩစတြေးလျက တစ်ဦးကောင်း တစ်ယောက်ကောင်း အားကိုးနဲ့ကစားမှာဆိုတော့ အီတလီတို့အလေးသာနိုင်ပါတယ်။**
- **ဆွစ်ဇာလန်နဲ့ ယူကရိန်းပွဲကတော့ ယူကရိန်းမှာ တကယ်တမ်း ကစားအားရှိတာ ဂိုးသွင်းနိုင်တာတွေရှိတယ်။ ဆွစ်ဇာလန်က အသင်းလိုက်ကစားတာကောင်းပါတယ်။ ဒါပေမယ့် အကြိုက်ကတော့ ယူကရိန်းပါ။**

သရုပ်ဆောင်ဖိုးတာ

- **အီတလီနဲ့ ဩစတြေးလျပွဲမှာ အီတလီကို ကြိုက်တယ်။ တိုက်စစ်အား၊ ခံစစ်အားကောင်းတယ်။ ဩစတြေးလျကတော့ ရှေ့တန်းမှာ ဗီဒူကာ တစ်ယောက်တည်းရှိတယ်။ ကီးဝဲလ်ကလဲ ထင်သလောက် မကစားနိုင်ဘူး၊ အီတလီ အနိုင်ရမယ်ထင်တယ်။**
- **ဆွစ်ဇာလန်နဲ့ ယူကရိန်းပွဲကတော့ ဆွစ်ဇာလန်ကို သဘောကျတယ်။ နာမည်ကြီးတွေမပါပေမယ့် စုစုစည်းစည်း ကစားနိုင်တယ်။ ယူကရိန်းထက် ဆွစ်ဇာလန် ကစားအားနဲ့ အသင်းလိုက်ညီညွတ်မှုရှိတယ်။ ဆွစ်ဇာလန်ကို ပိုကြိုက်ပါတယ်။**

(မြန်မာ့အလင်း)

ပါတီအပေါ် စိတ်ဝင်စားမှုနှင့် ယုံကြည်အားထားမှုမရှိသဖြင့် ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၁ ဦး အသီးသီးနုတ်ထွက်

ရန်ကုန် ဇွန် ၂၅

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ဦးမြစိန်၊ ဦးတင်ဆွေ၊ ဦးကျော်ထွန်း၊ ဦးကျော်တင်၊ ဦးချစ်စိန်၊ ဦးစံဘ၊ ဦးဒေါင်းရီ၊ ဦးညိုစိမ့်တို့သည် မေ ၂၄ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးစိန်ရ၊ ဦးစိုးမြင့်၊ ဦးတင်အောင်နှင့် ဦးစိန်သင်တို့သည် မေ ၂၈ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးစိုးဝင်းနိုင်တို့သည် မေ ၂၉ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးသန်းနှင့် ဦးရွှေတို့သည် မေ ၃၀ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးမြင့်သန်း၊ ဦးသန်း၊ ဦးထွန်းမြိုင်နှင့် ဦးလှအုန်းတို့သည် ဇွန် ၁ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးထွန်းလှိုင်၊ ဦးသိန်းတန်၊ ဦးခင်မောင်ဝင်းနှင့် ဦးမြင့်အောင်တို့သည် ဇွန် ၂ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင် ဦးညိုဝင်း၊ ဦးကောင်းအေးနှင့် ဦးကံညွန့်တို့သည် ဇွန် ၃ ရက်တွင်လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်နှင့် အတွင်းရေးမှူး ဦးချစ်မွေးတို့သည် ဇွန် ၄ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီအပေါ် စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ NLD ပါတီကို ယုံကြည်အားထားမှုမရှိတော့ခြင်းကြောင့် ယခုကဲ့သို့ NLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီ၏ တာဝန်များမှလည်းကောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဆန်းနှင့် ဦးထွန်းဝင်းတို့သည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ခဲ့ကြပြီးဖြစ်သဖြင့် ရေဦးမြို့နယ် NLD ပါတီမှ စုစုပေါင်း ၃၁ ဦး နုတ်ထွက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**